ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
(မနသ-၂)
စာအမှတ် ၅၉၈၈
နေ့စွဲ ၂၅-၁၁-၉၈

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၂၀၂/၉၈ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးမြင့်သိန်း

(ခ) အဘအမည် ဦးမောင်အုန်း

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် MWA - 009101

(ဃ) နေရပ်လိပ်စာ အမှတ် ၄၇၊ ဒုတိယထပ်ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း ဘောဂကြီး ကုမ္ပဏီလီမိတက် (Baw Ga Gyi Company Limited)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား နိုင်ငံတကာအဆင့်မီ အထည်ချုပ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ် (ရရ)၊ လှိုင်သာယာစက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၄၅.၆၆) သန်း၊ (ကျပ် လေးဆယ့်ငါးသန်း ခြောက်သိန်း ခြောက်သောင်း တိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၁၀၂ /၉၈ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်။
(၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.) သည် ဒါရိုက်တာ ဦးမြင့်သိန်း အမည်ဖြင့် မြေအသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ စက်မှုဇုန်(၄)၊ မြေကွက်အမှတ်(၇၇) ရှိမြေ(၁.၀၀၁)ဧက (၄၀၅၀.၉၀ စတုရန်းမီတာ) ပေါ်တွင် စက်ရုံ တည်ဆောက်၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား(၂၃-၁၀-၉၈) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၉/၉၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက် နှင့်အညီ (၅-၁၁-၉၈)နေ့ တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၃၉/၉၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.)အား CMP စနစ်ဖြင့် အသင့်ချုပ်ပြီး အထည်များ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၂၀၂/၉၈ ကို ထုတ်ပေးလိုက်သည်။

၂။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့် များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေ ပုဒ်မ ၁၃(က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏအပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကို ဖော်ပြလျက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေ ပုဒ်မ ၁၃(ခ) အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေ ပုဒ်မ ၁၃(ဂ) အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက် နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေ ပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေ ပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေ ကို သတ်မှတ်သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့် နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(စ) ဥပဒေ ပုဒ်မ ၁၃(ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ် အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန် အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေ ပုဒ်မ ၁၃(ဈ) အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် ကုန်ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ အပေါ်တွင် အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့် ပြုသည်။

(ဇ) ဥပဒေ ပုဒ်မ ၁၃(ည) အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချမှု အပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်မှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၁-၅-၉၆ နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၇/၉၆ အရ အကျုံးဝင်ပြီးဖြစ်သည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) နှင့် (ဈ) အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ နှင့် ပတ်သက်၍ အောက်ပါ အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှု မှ ဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System)စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.)သည် လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် ကုန်ကြမ်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့် စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည် ပေးဆပ်သည့်အခါ အဆိုပြု လုပ်ငန်းမှ ရရှိသည့် တရားဝင် နိုင်ငံခြားငွေ ဖြင့်သာ ပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် ကုန်ကြမ်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ရယူဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိပဲ ငွေချေးသူ၏ တာဝန်သာ ဖြစ်စေရမည်။

၆။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက် ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှု နှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင် အထည် ဖော်ရမည်။

၇။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.) သည် အဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစု ထားရှိရမည်။

၈။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာ နှင့်ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၉။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စံနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။

၁၁။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.)သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (၃)သုံးလအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၂။ အဆိုပြု လုပ်ငန်း စတင် ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ အမြန်ဆုံး မပျက်မကွက် အစီရင်ခံရမည်။

၁၃။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အ မိန့် အ ရ –

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး

စာအမှတ်၊ ရက–၁/မ–၂၉၁/၉၈ (၅၉၀၀)
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်။။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၅။ အမှတ်(၁)စက်မှု ဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၁။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)
၁၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အထည်အလိပ် လုပ်ငန်း။

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှု ကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန။
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၅။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း။
၂၆။ ဒါရိုက်တာ၊ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.)။

အ မိန့် အ ရ –

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Tel : 272052, 272870, 272912

Fax : 095-01-282101

စာအမှတ်၊ ရက–၁/မ–၂၉၁/၉၈ (၄၆၆၁)

ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်။

အကြောင်းအရာ။ လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်များ တင်သွင်းရန် ကိစ္စ။

၁။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.) မှ နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၄/၉၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ လုပ်ငန်းအတွက် မော်တော်ယာဉ်များ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေး ကာလ အတွင်း Saloon 1(one) No. and Mini-Bus 1(one) No. တို့ကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်တွင် Wagon 1(one) No. and Truck 1(one) No. တို့ကို အခွန်အကောက် (၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့် ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့် ကုန်ပစ္စည်းများ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန် လိုအပ်ကြောင်း အကြောင်းကြားအပ်ပါသည်။

(မောင်မောင်ရီ)

တွဲဖက်အတွင်းရေးမှူး

အုပ်ချုပ်မှု ဒါရိုက်တာ

ဘောဂကြီး ကုမ္ပဏီ လီမိတက်။

မိတ္တူကို –

(၁) စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

(၂) ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။

(၃) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန)။

(၄) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။

(၅) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။

(၆) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်
အမှတ် ၆၂၂၊ ကုန်သည်လမ်း၊ (ဒုတိယထပ်) ရန်ကုန်မြို့။

OFFICE OF THE CHAIRMAN FCEC

စာအမှတ်၊၁၀/၄/စက–၁/၉၉(မတည်)(၃၉၄၁)
နေ့စွဲ၊ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ(၈)ရက်

အမှာစာ

အကြောင်းအရာ။ ။BAW GA GYI CO., LTD. မှ လုပ်ငန်းအတွက် လိုအပ်သောမော်တော်ယာဉ်များကိုတင်သွင်းခွင့်ပြုရန်တင်ပြလာခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။BAW GA GYI CO., LTD. ၏ ၃–၈–၉၉ နေ့စွဲပါ စာအမှတ်၊ BGG - 6 / 99

၁။ မြန်မာနိုင်ငံတွင်ဖွဲ့စည်းထားသော BAW GA GYI CO., LTD. အား ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၄)၊ မြေကွက်အမှတ်(၇၇)တွင် " နိုင်ငံတကာအဆင့်မီအထည်ချုပ်လုပ်ခြင်းလုပ်ငန်း " ကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ရန်အတွက် ၁၉၉၈ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့၏(၃၉/၉၈) ကြိမ်မြောက်အစည်းအဝေးမှ သဘောတူဆုံးဖြတ်ခဲ့ပါသည်။

၂။ အဆိုပါ BAW GA GYI CO., LTD. မှ ရည်ညွှန်းချက်ပါစာဖြင့် လုပ်ငန်းလိုအပ်ချက်အရ (LOAN IN KIND)ဖြင့် INVESTMENT အဖြစ်တင်သွင်းခွင့်ပြုရန် PROFORMA INVOICE များဖြင့် တင်ပြလာသောနောက်ဆက်တွဲ "က" ပါ(USD 30000.00)(US DOLLARS THIRTY THOUSAND ONLY)တန်ဖိုးရှိ RECON: TOYOTA LAND CRUISER (MODEL 1996 AND UP) (1 UNIT), RECON: TOYOTA TRUCK (2 TON AND UP) (MODEL 1994 AND UP) (1 UNIT) များကိုစီစစ်ရာတွင် တင်ပြချက်ပါမော်တော်ယာဉ်များမှာ အောက်ပါအတိုင်းတွေ့ရှိရသဖြင့် အဆိုပါမော်တော်ယာဉ်များအား လုပ်ငန်းစတင်ဆောင်ရွက်သည့်ကာလအတွက် အခွန်အကောက်၅၀ %သက်သာခွင့်ဖြင့်တင်သွင်းခွင့်ပြုရန် ထောက်ခံအပ်ပါသည်။

(က)နိုင်ငံတော်အတွင်းတွင်မရရှိနိုင်သောမော်တော်ယာဉ်များဖြစ်ခြင်း။
(ခ)လုပ်ငန်းတွင်သုံးစွဲရန်အမှန်တကယ်လိုအပ်သောမော်တော်ယာဉ်များဖြစ်ခြင်း။

၃။ သို့ရာတွင် BAW GA GYI CO., LTD. အနေဖြင့် အဆိုပါမော်တော်ယာဉ်များ အမှန်တကယ်တင်သွင်းလာသည့်အခါပါရှိလာမည့် SHIPPING INVOICE & PACKING LIST များနှင့်တကွ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ညွှန်ကြားချက်အတိုင်း တင်သွင်းမည့်မော်တော်ယာဉ်များအတွက် စစ်ဆေးရေးကိုယ်စားလှယ် (INSPECTION AGENCY) ၏ စစ်ဆေးပြီးကြောင်း အထောက်အထား

လက်မှတ် (INSPECTION CERTIFICATE)ဖြင့် ဤအဖွဲ့ငယ်သို့ ပြန်လည်တင်ပြရန်လိုအပ်မည်ဖြစ်ပြီး ယင်းသို့တင်ပြချက်ကိုစီစစ်၍ အတည်ပြုထောက်ခံချက်ထုတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

၄။ အဆိုပါမော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများအတိုင်းခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်ကြောင်းဖော်ပြအပ်ပါသည်။

၅။ ဤအဖွဲ့ငယ်မှ ရည်ညွှန်းချက်ပါစာကို (၃-၈-၉၉) ရက်နေ့တွင် လက်ခံရရှိပါကြောင်းနှင့် ဤထောက်ခံချက်သည်ထုတ်ပေးသည့်နေ့မှစ၍ ရက်ပေါင်း(၉၀)အထိသာအကျိုးသက်ရောက်မှုရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
(တင်လှိုင်၊ညွှန်ကြားရေးမှူးချုပ်)

ညွှန်ကြားရေးမှူးချုပ်၊
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

မိတ္တူကို - ၁။အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။
၂။ညွှန်ကြားရေးမှူးချုပ်၊အကောက်ခွန်ဦးစီးဌာန။
၃။MANAGING DIRECTOR, BAW GA GYI CO., LTD.
၄။မျှော။

Lwin
6 / 8

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Tel : 272052, 272870, 272912
Fax : 095-01-282101

စာအမှတ်၊ ရက-၁/မ-၂၉၁/၉၈ (၆၆၆၁)
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်။

အကြောင်းအရာ။ လုပ်ငန်းသုံးအတွက် မော်တော်ယာဉ်များ တင်သွင်းရန် ကိစ္စ။

၁။ ဘောဂကြီး ကုမ္ပဏီ လီမိတက် (Baw Ga Gyi Co., Ltd.) မှ နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၉/၉၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ လုပ်ငန်းအတွက် မော်တော်ယာဉ်များ တင်သွင်းမှုနှင့်ပတ်သက်၍ တည်ဆောက်ရေး ကာလ အတွင်း Saloon 1(one) No. and Mini-Bus 1(one) No. တို့ကို အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် လည်းကောင်း၊ လုပ်ငန်း စတင်ဆောင်ရွက်သည့် အချိန်တွင် Wagon 1(one) No. and Truck 1(one) No. တို့ကို အခွန်အကောက် (၅၀)ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့် ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်ကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့် ကုန်ပစ္စည်းများ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် လျှောက်ထား ရယူရန် လိုအပ်ကြောင်း အကြောင်းကြားအပ်ပါသည်။

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

အုပ်ချုပ်မှု ဒါရိုက်တာ
ဘောဂကြီး ကုမ္ပဏီ လီမိတက်။

မိတ္တူကို -

(၁) စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
(၂) ဘဏ္ဍာရေး နှင့် အခွန် ဝန်ကြီးဌာန။
(၃) ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန)။
(၄) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
(၅) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
(၆) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၁/မ-၉၂၃/၉၀(၁၄၁၀)
ရက်စွဲ၊ ၁၉၉၀ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ။ ဘောဂကြီးကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီအထည်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ဘောဂကြီးကုမ္ပဏီလီမိတက် (Baw Ga Gyi Co., Ltd. မှ CMP စနစ်အရ အထည်ချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၃-၁၀-၉၀) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၉၀) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့်သဘောတူပြီး အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေဆိုင်းငွေပေးချေခြင်းစနစ်သဘောတူစာချုပ် (မူကြမ်း) ကို နောက်ဆက်တွဲ (၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ဤလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၆၁၀) သန်း အပါအဝင်ကျပ် (၄၅.၆၆) သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၁၀.၁၀) သန်း၊ အဆောက်အဦတန်ဖိုး ကျပ် (၁၂.၀၂) သန်း၊ မြေတန်ဖိုး ကျပ် (၁၁.၀၀) သန်း၊ စက်ပစ္စည်းကိရိယာတန်ဖိုး ကျပ် (၁.၄၀) သန်း [အမေရိကန်ဒေါ်လာ (၀.၂၄၆) သန်း]၊ ဆောက်လုပ်ရေးပစ္စည်းတန်ဖိုး ကျပ် (၂.၁၀) သန်း [အမေရိကန်ဒေါ်လာ (၀.၃၆၄) သန်း] ကိုတည့်ဝင်ရင်းနှီးမည်ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာနှင့် ဆောက်လုပ်ရေးပစ္စည်းများကို စင်ကာပူနိုင်ငံ၊ Golden Moon Export & Import Pte Ltd. မှ ရွှေဆိုင်းငွေပေးချေခြင်းစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင်အတိုးနှုန်း (၅) ရာခိုင်နှုန်းဖြင့် (၄) နှစ်အတွင်းပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။

၃။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ဒါရိုက်တာဖြစ်သူ ဦးမြင့်သိန်းအမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်မြေ၊ မြေကွက်အမှတ် (၇၇)၊ လှိုင်သာယာစက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်ရှိမြေ(၁.၀၀၁)

ဧက (၄၀၅၀.၉၁) စတုရန်း မီတာ ပေါ်တွင်စက်ရုံတည် ဆောက်ပြီး အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ကို ဆောင်ရွက် မည်ဖြစ်ပါသည်။

၄။ ဤလုပ်ငန်း မှပုံမှန်နှစ်၏ထုတ်လုပ်မှုနှင့် ရောင်း ဈေး နှုန်း မှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

စဉ်	အမျိုး အမည်	C.M.P စနစ် (၉၅ %)		ပြည်တွင်း (၅ %)	
		ထုတ်လုပ်မှု ဒါဇင် (၀၀၀)	CMP ချုပ်ခ (US$ /ဒါဇင်)	ထုတ်လုပ်မှု ဒါဇင်(၀၀၀)	ရောင်းဈေးနှုန်း (ကျပ် / ဒါဇင်)
၁။	Polo Shirt	၆၂.၇၀	၃.၅၈	၃.၃၀	၅၄၀၀
၂။	Track Suit	၅၃.၂၇	၄.၀၈	၂.၈၀	၁၁၂၀၀
၃။	Jerkin	၂၁.၈၅	၅.၀၈	၁.၁၅	၁၂၄၀၀
၄။	Vest	၈.၅၅	၂.၀၈	၀.၄၅	၈၄၀၀

၅။ ဤလုပ်ငန်း ကို ဆောင်ရွက်ခြင်း ဖြင့်ပုံမှန်နှစ်တွင်ရရှိမည့်ဝင်ငွေ နှင့်အသုံး စရိတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

(ကျပ်သန်း)

	ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က) ဝင်ငွေ	၆၇.၂၂	၃.၄၂	၇၀.၆၄
(ခ) အသုံး စရိတ်	၅၆.၈၁	၀.၇၃	၅၇.၅၄
(ဂ) အသားတင်အမြတ်	၁၀.၄၁	၂.၆၉	၁၃.၁၀

၆။ ဤလုပ်ငန်း ကို ဆောင်ရွက်ခြင်း ဖြင့်နိုင်ငံတော်မှပုံမှန်နှစ်တွင်ရရှိမည့်အကျိုး အမြတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

(က) ဝင်ငွေခွန် (ကျပ်သန်း) ၄.၄၆

(အမေရိကန်ဒေါ်လာသန်း) .၀.၀၈

(ခ) ကုန်သွယ်လုပ်ငန်း ခွန် (ကျပ်သန်း) ၆.၇၂

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်ပြည်တွင်း မှဝန်ထမ်း (၂၂၃) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်အမှတ် (၁) စက်မှုဝန်ကြီးဌာန သို့သဘောထား မှတ်ချက်တောင်း ခံရာ ကန့်ကွက်ရန်မရှိကြောင်း၊ ကိုတာသတ် မှတ်ချက်ရှိသောအသင့်ချုပ်ပြီး အထည်များ နှင့်ပတ်သက်၍ကိုတာခွဲဝေပေး နိုင်မည် မဟုတ်ကြောင်း နှင့်ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ထားခြင်း မရှိကြောင်း အကြောင်း ပြန်ကြားလာပါသည်။

၉။ ဤလုပ်ငန်း သည်မြန်မာနိုင်ငံသား များ သာလျှင်ပိုင်ဆိုင်သောလုပ်ငန်း ဖြစ်ပြီး နိုင်ငံခြား မှမည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်း ၊ မြေယာနှင့်ပတ်သက်၍သတ်မှတ်ပြဋ္ဌာန်း သည့်စည်း ကမ်း များ ကိုလိုက်နာမည်ဖြစ် ကြောင်း ၊ လုပ်ငန်းအသစ်ဖြစ် ကြောင်း ၊ လုပ်ငန်း ဆောင်ရွက်ရာတွင်ပတ်ဝန်း ကျင်ညစ်ညမ်း မှု နှင့် မီး ဘေး အန္တရာယ်များ ကိုကြိုတင်ကာကွယ်မှုများ ပြုလုပ် ဆောင်ရွက်ထား မည် ဖြစ် ကြောင်း ၊ ရှေ့ဆိုင်း ငွေပေး ချေခြင်း စနစ်ဖြင့်ဝယ်ယူမည့်စက်ပစ္စည်း နှင့် လုပ်ငန်း သုံး ပစ္စည်း များ ကိုအဆိုပြုလုပ်ငန်း မှရရှိသည့်တရား ဝင်နိုင်ငံခြား ငွေဖြင့် ပေး ဆပ်မည်ဖြစ် ကြောင်း နှင့် ငွေ ချေး ယူခြင်း ကိစ္စသည်နိုင်ငံ တော်နှင့်သက် ဆိုင်ခြင်း မရှိဘဲ ငွေ ချေး သူ၏တာဝန်သာဖြစ် ကြောင်း ဝန်ခံကတိပြုထား ပါသည်။

၁၀။ မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန် လျှောက်ထား လာပါသည်။ ဥပဒေပုဒ်မ ၁၂ အရစီး ပွား ရေး လုပ်ငန်း စတင် သောနှစ်အပါ အဝင် တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်း လွတ်ခွင့် ပေး ရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရအခွန်ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ အနက် လုပ်ငန်း နှင့်သက်ဆိုင်သည့်အခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့် ပြုရန် ကော်မရှင်မှညှိနှိုင်း ဆုံး ဖြတ်ခဲ့ပါသည်။

၁၁။ **ဆုံးဖြတ်ရန်အချက်။**

(က) ဘောဂကြီး ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီအထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ - မတူ။

(ခ) လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ - မတူ။

၁၂။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထောက်ခံချက်။**

အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

[ဗိုလ်မှူးချုပ် မောင်မောင်]
ဝန်ကြီး
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရအဖွဲ့။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(ခ)/၉၂၃/၉၀(၁၁၇၆)။
ရက်စွဲ၊ ၁၉၉၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်။

အမှာစာ

အကြောင်းအရာ။ ။ ဘောဂကြီးကုမ္ပဏီလီမိတက်မှနိုင်ငံတကာအဆင့်မီ အထည်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အဆို ပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ဘောဂကြီးကုမ္ပဏီလီမိတက် (Baw Ga Gyi Co., Ltd.) မှ CMP စနစ်အရအထည်ချုပ်လုပ်ခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂-၁၀-၉၀) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၉၀) ကြိမ်မြောက်ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့တင်ပြခဲ့ရာယင်းအစည်းအဝေးမှလုပ်ငန်းဆောင်ရွက်ရန်မူအားဖြင့်သဘောတူပြီးမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်အရတင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ငွေရှင်းငွေပေးချေခြင်းစနစ်သဘောတူစာချုပ် (မူကြမ်း) နှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများကို နောက်ဆက်တွဲ (၁) တွင်တင်ပြထားပါသည်။

၂။ ဤလုပ်ငန်း၏မတည်ငွေရင်းပမာဏမှာအမေရိကန်ဒေါ်လာ (၀.၆၀၀) သန်းအပါအဝင်ကျပ် (၄၁.၆၆) သန်းဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် (၁၀.၁၀) သန်း၊ အဆောက်အဦ တန်ဖိုးကျပ် (၁၂.၀၂) သန်း၊ မြေတန်ဖိုး ကျပ် (၁၁.၀၀) သန်း၊ စက်ပစ္စည်းကိရိယာတန်ဖိုးကျပ် (၁.၄၀) သန်း [အမေရိကန်ဒေါ်လာ (၀.၂၄၆) သန်း]၊ ဆောက်လုပ်ရေးပစ္စည်းတန်ဖိုး ကျပ်(၂.၁၀)သန်း ၊ [အမေရိကန်ဒေါ်လာ (၀.၃၆၄) သန်း] ကိုထည့်ဝင်ရင်းနှီးမည်ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာနှင့်ဆောက်လုပ်ရေးပစ္စည်းများကိုစင်ကာပူနိုင်ငံ၊ Golden Moon Export & Import Pte Ltd. - မှ ငွေရှင်းငွေပေးချေခြင်းစနစ်

ဖြင့်ဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင်အတိုး နှုန်း (၅) ရာခိုင်နှုန်းဖြင့် (၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။

၃။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ဒါရိုက်တာဖြစ်သူ ဦးမြင့်သိန်း အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် မြေကွက်အမှတ် (၇၇)၊ လှိုင်သာယာစက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်ရှိ မြေ(၁.၀၀၁) ဧက (၄,၀၅၀.၉၁) စတုရန်းမီတာပေါ်တွင် စက်ရုံတည်ဆောက်ပြီးအထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ဤလုပ်ငန်း မှ ပုံမှန်နှစ် ၏ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်း မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	အမျိုးအမည်	C.M.P စနစ် (၉၅%) ထုတ်လုပ်မှု ဒါဇင်(၀၀၀)	C.M.P စနစ် (၉၅%) CMP ချုပ်ခ (US $ / ဒါဇင်)	ပြည်တွင်း (၅%) ထုတ်လုပ်မှု (ဒါဇင်(၀၀၀))	ပြည်တွင်း (၅%) ရောင်းဈေးနှုန်း (ကျပ် / ဒါဇင်)
၁။	Polo Shirt	၆၂.၇၀	၃.၅၀	၃.၃၀	၅၄၀၀
၂။	Track Suit	၁၃.၂၀	၄.၀၀	၂.၀၀	၁၁၂၀၀
၃။	Jerkin	၂၀.၀၅	၅.၀၀	၁.၀၅	၁၂၄၀၀
၄။	Vest	၀.၅၅	၂.၀၀	၀.၄၅	၈၄၀၀

၅။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့်ဝင်ငွေနှင့်အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

	ပြည်တွင်း	နိုင်ငံခြား	(ကျပ်သန်း) စုစုပေါင်း
(က) ဝင်ငွေ	၆၇.၂၂	၃.၄၂	၇၀.၆၄
(ခ) အသုံးစရိတ်	၅၆.၀၁	၀.၇၃	၅၇.၅၄
(ဂ) အသားတင်အမြတ်	၁၀.၄၁	၂.၆၉	၁၃.၁၀

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့်အကျိုးအမြတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က)	ဝင်ငွေနှုန်း (ကျပ်သန်း)	၄.၄၆
	(အမေရိကန်ဒေါ်လာသန်း)	၀.၈၀
(ခ)	ကုန်သွယ်လုပ်ငန်းနှုန်း (ကျပ်သန်း)	၆.၇၂

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်ပြည်တွင်း မှ ဝန်ထမ်း (၂၂၃) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်း၏ ငွေရေးကြေးရေးဆိုင်ရာအာမခံချက်အထား အဖြစ် ဘော[illegible]ကြီး ကုမ္ပဏီလီမိတက်၏အာမခံနေဘဏ်လီမိတက်တွင်ဘဏ်စာရင်း ဖွင့်လှစ်ထား ရှိကြောင်း ထောက်ခံတင်ပြထား ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်တင်သွင်းခွင့် ပတ်သက်၍ တည်ဆောက်ရေးကာလအတွင်း Saloon (၁) စီး၊ Mini-bus ([illegible])စီး တို့ကိုအခွန်အကောက်ကင်းလွတ်ခွင့်ဖြင့်လည်း ကောင်း၊ လုပ်ငန်း စတင် ဆောင်ရွက်ချိန်တွင် Wagon (၁) စီး၊ Truck (၁) စီးတို့ကိုအခွန်အကောက် (၅၀) ရာခိုင်နှုန်း သက်သာခွင့်ဖြင့်လည်း ကောင်း တင်သွင်း ခွင့်ပြုကြောင်း မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ (၁၀/၉၀) ကြိမ် မြောက်ကြိုတင်ညှိနှိုင်းအစည်းအဝေး မှ ဆုံးဖြတ်ခဲ့ပါသည်။

၁၀။ ယင်းလုပ်ငန်း ကို ဆောင်ရွက်ရန်အတွက်အမှတ် (၁) စက်မှုဝန်ကြီးဌာန နှင့် သဘောထား မှတ်ချက် တောင်း ခံရာ ကန့်ကွက်ရန်မရှိ ကြောင်း၊ ကိုတာသတ်မှတ်ချက်ရှိ သောအသင့်ချုပ်ပြီး အထည်များနှင့်ပတ်သက်၍ ကိုတာခွဲဝေ ပေးနိုင်မည်မဟုတ် ကြောင်း နှင့်ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရမှတ်ပုံတင်ထား ခြင်းမရှိ ကြောင်းအကြောင်း ပြန်ကြားလာပါသည်။

၁၁။ ယင်းလုပ်ငန်း သည်မြန်မာနိုင်ငံသား များ [illegible]ပိုင်ဆိုင် သောလုပ်ငန်းဖြစ်ပြီး နိုင်ငံခြား မှ မည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်း၊ မြေယာနှင့်ပတ်သက် ၍ သတ်မှတ်ပြဋ္ဌာန်းသည့်စည်းကမ်း များ ကိုလိုက်နာမည်ဖြစ် ကြောင်း၊ လုပ်ငန်းအ သစ်ဖြစ် ကြောင်း၊ လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ်

များ ကိုကြားခံကာ ကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထား ပည်ဖြစ်ကြောင်း၊ ငွေဆိုင်းငွေ ပေး ချေခြင်းစနစ်ဖြင့်ဝယ်ယူသည့်စက်ပစ္စည်းနှင့်လုပ်ငန်းသုံးပစ္စည်းများကိုအတိုပြုလုပ် ငန်း မှရရှိသည့်တရားဝင်နိုင်ငံခြား ငွေဖြင့် ပေး ကပ်မည်ဖြစ်ကြောင်းနှင့် ငွေချေ ယူခြင်း ကိစ္စသည် နိုင်ငံ တော်နှင့်သက်ဆိုင်ခြင်းမရှိဘဲ ငွေ ချေးသူ၏တာဝန်သာဖြစ်ကြောင်း ဝန်ခံကတိပြုထား ပါသည်။

၁၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန် လျှောက်ထားလာ ပါသည်။ ဥပဒေပုဒ်မ ၁၂ အရစီး ပွား ရေးလုပ်ငန်းစတင် သောနှစ်အပါအဝင်တစ် ဆက်တည်း (၃) နှစ်အတွက်ဝင် ငွေခွန်ကင်းလွတ်ခွင့် ပေး ရမည်ဖြစ် ပါသည်။ ဥပဒေ ပုဒ်မ ၁၃ အရအခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များကို တောင်းခံထား ရာယင်း အပေါ် သုံး သပ်တင်ပြချက်ကို ပူး တွဲ တင်ပြထား ပါသည်။

၁၃။ ဆုံး ဖြတ်ရန်အချက်။

(က) ဘောဂကြီး ကုမ္ပဏီလီမိတက်မှ နိုင်ငံတကာအဆင့်မီအ ထည် ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘော တူ - မတူ ။

(ခ) သဘောတူပါကအထက်အပိုဒ် (၁၂) ပါအခွန်ဆိုင်ရာ ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန် သဘော တူ - မတူ ။

အတွင်း ရေးမှူး (ကိုယ်စား)
(မောင်မောင် ရီ ၊ တွဲဖက်အတွင်း ရေးမှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

* ကျော် ၂၀၀၀၉၀။

ပူးတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကို ဖော်ပြလျက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါ စဉ်းစား ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ခ) အရ လုပ်ငန်းမှ ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့်အမြတ်ငွေအပေါ် (၅၀) ရာခိုင်နှုန်းထိ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ လုပ်ငန်း၏အမှန်တကယ်အကောင်အထည်ဖော်ဆောင်နိုင်မှုအခြေအနေကို ဖော်ပြလျက် ပထမဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါ စဉ်းစား ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ကုန်ထုတ်လုပ်မှုကြောင့် ပြည်တွင်း၊ ပြည်ပဝင်ငွေကိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်ကို လုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဃ) အရ သွင်းကုန်အစားထိုးလုပ်ငန်းအဖြစ် အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ် သင့်လျော်သောကာလအထိ ဝင်ငွေခွန်သက်သာခွင့် တောင်းခံခြင်းကို အကျုံးဝင်ခြင်းမရှိဟု သုံးသပ်ရပါသည်။

- ဥပဒေပုဒ်မ ၁၃ (စ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို တစ်နှစ်အတွင်းပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေပေါ် တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်ကိုအမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများ အပေါ်တန်ဖိုးလျော့ငွေကိုသတ်မှတ်သည့်နှုန်း အတိုင်းနှစ်တိုတို နှင့်မူလတန်ဖိုး ပြည့်မီသည့်အထိအမြတ်ငွေမှနုတ်ပယ်ခွင့်နှင့်ပတ် သက်၍ လျှောက်ထားလာသည့်အခါကော်မရှင်မှသတ်မှတ်သည့်နှုန်း အတိုင်း ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဇ) အရကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်း များ အပေါ်တွင်အကောက်ခွန်နှင့်အခြား ပြည်တွင်း အခွန်အကောက် များ ကင်း လွတ်ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဈ) အရကနဦး ရင်း နှီး မြှုပ်နှံမှုကာလကုန် ဆုံး ပြီးပထမ (၃) နှစ်အတွက်ကုန်ထုတ်လုပ်ရန်တင်သွင်း သည့်ကုန် ကြမ်း များ ၊ လုပ်ငန်း သုံးပစ္စည်း များအပေါ်တွင်အကောက် ခွန်နှင့်အခြား ပြည်တွင်း အခွန်အကောက်များ ကင်း လွတ်ခွင့် ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ည) အရထုတ်လုပ်မည့်ပစ္စည်းများ၊ ပြည်ပသို့ တင်ပို့ရောင်း ချမှုအပေါ်ကုန်သွယ်လုပ်ငန်း ခွန်ကင်း လွတ်ခွင့် မှာဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီး ဌာန၏ ၂၁-၅-၉၆ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၇/၉၆ အရအကျုံး ဝင်ပြီး ဖြစ်ပါ သည်။

ဝင်း/ *

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

အမှာစာအမှတ် ၅၀/၁၈ (၁)(၅၄၇၃)/၉၀(၅၅၁၀)

ရက်စွဲ၊ ရန်ကုန်မြို့၊ ၁၉၉၀ ခု၊ စက်တင်ဘာ လ ၂၈ ရက်။

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့စွဲပါစာအမှတ်၊ ရက-၁/မ-၂၉၁/၉၀(၄၄၀၀)

၁။ ဘောဂကြီး ကုမ္ပဏီလီမိတက်မှ ရန်ကုန်တိုင်း၊ လှိုင်သာယာစက်မှုဇုန် (၄) တွင်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်းနှင့်ပတ်သက်၍ ဤဝန်ကြီးဌာနအနေနှင့်ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားအပ်ပါသည်။

၂။ သို့ရာတွင်ကိုတာသတ်မှတ်ချက်ရှိသောအသင့်ချုပ်ပြီး အထည်များနှင့်ပတ်သက်၍ ဤဝန်ကြီးဌာနအနေဖြင့်ကိုတာခွဲဝေပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဘောဂကြီးကုမ္ပဏီလီမိတက်သည်ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရမှတ်ပုံတင်ထားခြင်းမရှိသေးပါကြောင်း ဖော်ပြအပ်ပါသည်။

ဝန်ကြီး ([signature])
(မြင့်ဆွေ၊ ရုံးအဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

* သတ္တ ၁

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101

တယ်လီဖုန်း - ၂၇၂၉၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၉၁။

စာအမှတ်၊ ရက-၁/မ-၂၉၁/၉၈ (၄၄၀၈)၊
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊

အကြောင်းအရာ။ ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ ဘောဂကြီး ကုမ္ပဏီလီမိတက်၏ ၁-၉-၉၈ နေ့စွဲပါစာ။

၁။ ဘောဂကြီး ကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၇၇) မြေအကျယ်(၁.၀၀၁) ဧကရှိ မြေနေရာတွင် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အထက်ရည်ညွှန်းပါစာဖြင့် ဤကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၃)၊ အပိုဒ် ၁၁ ပါပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါသဖြင့် အဆိုပြုချက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ကို ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ ထို့အပြင် ယခုအဆိုပြုလုပ်ငန်းသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ဆောင်ရွက်နေခြင်း ရှိ-မရှိကို စိစစ်ပြန်ကြားပေးပါရန် ထပ်မံ မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)
(စီစီဝင်း၊ ညွှန်ကြားရေးမှူး)

အမှတ်(၁) စက်မှုဝန်ကြီးဌာန။

ပူးတွဲ-
(၁) အဆိုပြုချက်
(၂) ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ တွက်ချက်မှုဇယားများ
(၃) ငွေရေးကြေးရေး အထောက်အထား
(၄) မြေအထောက်အထား
(၅) Deferred Payment Loan Agreement (Draft)

မဘ*၁၁/၉/၉၈။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ တင်ပြလာသည့် အဆိုပြုလုပ်ငန်း ။

(၁) ကုမ္ပဏီအမည် ဘောဂကြီးကုမ္ပဏီလီမိတက်
BAW GA GYI Co,Ltd

(၂) တင်ပြသည့်လုပ်ငန်း အမျိုး အစား။ နိုင်ငံတကာအဆင့်မီ ဟိုတယ်အကြီးစားဆောက်လုပ်မှု
ဖြင့်လုပ်ကိုင်

(၃) ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုသည့်နေ့ ၇.၁၀.၉၃ (၅၇၁ (၁၉၉၃-၁၉၉၄))

(၄) ကုမ္ပဏီ၏သတ်မှတ်မတည်ငွေရင်း ကျပ် ၅၀,၀၀၀,၀၀၀/- (ကျပ်-ငါးဆယ်သန်းတိတိ)
တစ်စုလျှင် ကျပ်-၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) ရှယ်ယာပေါင်း ၅၀၀၀
ခွဲထားပါသည်။

(၅) အဆိုပြုသည့်လုပ်ငန်း အတွက်မတည်ငွေရင်း ၄၅.၆၆သန်း

(၆) ဒါရိုက်တာများ၏အမည်စာရင်း:-

① ဦးသောင်းဟန် အုပ်ချုပ်မှုဒါရိုက်တာ
② ဦးမြင့်သိန်း ဒါရိုက်တာ
③ ဦးအုန်း "
④ ဦးတင်ညို "
⑤ ဦးမြင့်ချို "

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း မြန်မာနိုင်ငံသားများ
ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

ဘော ဂ ကြီး ကုမ္ပဏီ လီမိတက်

▲▲▲▲▲▲▲▲▲▲▲▲▲▲

PROPOSAL OF THE INVESTOR TO MAKE MYANMAR CITIZENS INVESTMENT IN THE UNION OF MYANMAR

BAW GA GYI COMPANY LIMITED

BAW GA GYI CO., LTD
NO.47, 2nd FLOOR, KAINGDAN STREET, LANMADAW TOWNSHIP, YANGON.
PH : 227792, 227589

Ref : ....

Date..............................

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်

အကြောင်းအရာ။ ။ **မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ အဆို ပြုချက်များ ပေးပို့ ခြင်း။**

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်တို့၏ **BAW GA GYI COMPANY LIMITED** သည်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်သည့် စက်ရုံ တည်ဆောက်ပြီး အခစားထုတ်လုပ်မှုစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့် လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

အကြိုစိစစ်ရန် တင်ပြထားသော အဆိုပြုချက်မှ ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်ရှိသော အချက်များကို ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လိုအပ်သလိုဆက်လက်စိစစ် ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့၏ ကုမ္ပဏီ အဆိုပြုလွှာ (၂၅) စုံကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦး မြင့်သိန်း)
ဒါ ရိုက် တာ
BAW GA GYI COMPANY LIMITED.

BAW GA GYI CO., LTD
NO.47, 2nd FLOOR KAINGDAN STREET, LANMADAW TOWNSHIP YANGON
PH 227792, 227588

Ref : ....

Date.........................

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်

အကြောင်းအရာ။ **။<u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ အကြိုစိစစ်ပေးနိုင် ရန် ပေးပို့ ခြင်း။</u>**

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ကျွန်တော် တို့ ၏ BAW GA GYI CO., LTD. အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်သည့် စက်ရုံ တည်ဆောက်ပြီး အခစားထုတ်လုပ်မှုစနစ် Cutting, Making & Packaging (C.M.P) ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့် လျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့၏အဆိုပြုလွှာကို လိုအပ်သလို စိစစ်ပေးနိုင်ရန်အတွက် အဆိုပြုလွှာ (၁၅) စုံ ကို ပေးပို့ တင်ပြအပ်ပါသည်။

ရှိသေလေးစားစွာဖြင့်

(ဦးမြင့်သိန်း)
(မန်နေဂျာ)
Baw Ga Gyi Company Limited.

BAW GA GYI CO., LTD
NO.47, 2nd FLOOR, KAINGDAN STREET, LANMADAW TOWNSHIP, YANGON
PH : 227792, 227589

Ref : ....

Date..................................

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ကတိ ခံဝန်ချက်များပေးပို့ခြင်း။</u>

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ကျွန်တော်တို့၏ **Baw Ga Gyi Company Limited.** အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတကာအဆင့်မီအထည်အမျိုးမျိုး ချုပ်လုပ်သည့်စက်ရုံ တည်ဆောက်ပြီး အခစားချုပ်လုပ်မှုစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ခွင့်ပြုမိန့် လျှောက် ထားသော ကုမ္ပဏီ ဖြစ်ပါသည်။
ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင်နိုင်ငံခြားမှ မည်သူမှ ပိုင်ဆိုင်မှုမရှိကြောင်း နှင့်အောက်ပါအချက်များကို သိရှိလိုက်နာမည်ဖြစ်ပါကြောင်းဝန်ခံကတိပြုပါသည်။

၁။ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်းပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့် မီးဘေးကြိုတင်ကာ ကွယ်မှုများပြုလုပ်၍ လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုပါသည်။

၂။ **BAW GA GYI CO., LTD.** သည်လုပ်ငန်းအတွက်ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်း သုံးပစ္စည်းများကို ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System) ဖြင့် ဝယ်ယူတင်သွင်းပြီး ပြန်လည် ပေးဆပ်သည့်အခါ အခိုင်ပြု လုပ်ငန်းမှ ရရှိသည့်တရားဝင်နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်မည် ဖြစ်ပါသည်။

၃။ **BAW GA GYI CO., LTD.** သည်လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများကို ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System) ဖြင့် ရယူဆောင် ရွက်ခြင်းသည် နိုင်ငံတော် နှင့်သက်ဆိုင်ခြင်းမရှိဘဲ ငွေချေသူ၏ တာဝန်သာလျှင်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၄။ ထို့အပြင်နိုင်ငံတော်အစိုးရမှ မြေယာ နှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကိုလိုက် နာဆောင်ရွက် မည်ဟုဝန်ခံကတိ ပြုပါသည်။

၅။ ယခုအဆိုပြုတင်ပြသည့်လုပ်ငန်းသည် လုပ်ငန်းသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

(ဦးမြင့်သိန်း)
(ဒါရိုက်တာ)
Baw Ga Gyi Co., Ltd.

BAW GA GYI CO., LTD
NO.47, 2nd FLOOR, KAINGDAN STREET, LANMADAW TOWNSHIP, YANGON
PH : 227792, 227589

Ref : ....

Date..............................

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်။

အကြောင်းအရာ။ **။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုခွင့် ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုပုဒ်မ ၁၂ နှင့် ၁၃ တို့အရအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များလျှောက်ထားခြင်း။**

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ BAW GA GYI CO., LTD. သည်ရန်ကုန်တိုင်း၊ လှိုင်သာယာစက်မှုဇုန် မြေဝိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၇၇) မြေအကျယ် (၁·၀၀၁) ဧက ရှိမြေနေရာတွင် အထည်အမျိုးမျိုး ချုပ်လုပ်သည့်စက်ရုံ ကို တည်ဆောက်၍ အခစားထုတ်လုပ်မှုစနစ်ဖြင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် ကုန်ကြမ်းအဆင့်အတန်းမီ အထည်အမျိုးမျိုး ချုပ်လုပ်၍ နိုင်ငံခြားသို့ တင်ပို့နိုင်ရန်အတွက် ရည်ရွယ်၍ ခေတ်မီနည်းပညာ၊ စက်ကိရိယာများဖြင့်ပြုလုပ်ခွင့်ရရှိရန်ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ကျွန်တော်တို့၏ကုမ္ပဏီလီမိတက်သည်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းအတွက်လိုအပ်မည့် ကုန်ကြမ်းအဆင့်အတန်း မီစက်ကိရိယာများ နှင့်ဆောက်လုပ်ရေးပစ္စည်းများ ကိုပြည်ပမှ ဝယ်ယူပြီး အရင်းအနှီး အဖြစ်ထည့်ဝင်မည် ဖြစ်ပြီး အမေရိကန် ဒေါ်လာ(၆·၁)သိန်းတန်ဖိုးရှိ စက်ကိရိယာပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းကို စင်္ကာပူနိုင်ငံ GOLDEN MOON EXP. & iMP. PTE., LTD. မှ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ် (Deferred Payment System) အရ (၄) နှစ်အတွင်းပြန်လည်ပေးဆပ်၍ အကြွေး ဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ကုမ္ပဏီလီမိတက်အနေဖြင့် ယခုအဆိုပြုလုပ်ငန်းအတွက်ရင်းနှီးငွေ စုစုပေါင်း(၄၂)သိန်း ကျပ်မြန်မာနိုင်ငံ ကျပ်ငွေ၊ ကုန်ကြမ်း၊စက်ရုံအဆောက်အဦး၊ စက်ပစ္စည်းများဖြင့် ထည့်ဝင်ပြီး ရင်းနှီး မြှုပ်နှံကြမည်ဖြစ်ပါသည်။ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ ၍ရရှိလာသော အမြတ်ငွေများကိုလည်း မြန်မာနိုင်ငံတော်အတွင်းအခြားခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံသွားရန် ရည်ရွယ်ပါသည်။ ထုတ်လုပ်ရရှိသော ကုန်ကြမ်းအဆင့်အတန်းမီ အထည်အမျိုးမျိုး များ၏ (၉၅)% ကို နိုင်ငံခြားသို့ တင်ပို့မည်ဖြစ်ပါသည်။

BAW GA GYI CO., LTD
NO.47, 2nd FLOOR, KAINGDAN STREET, LANMADAW TOWNSHIP, YANGON
PH 227792, 227589

Ref : ....

Date..................................

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း ရသင့်ရထိုက်သောအခွန် ဘဏ္ဍာငွေများရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများ အတွက်အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက်လည်းကောင်း၊ စက်မှုနည်းပညာများတိုးမြှင့် ရရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံသားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း အလို့ငှာလည်းကောင်း၊ ကျွန်တော်တို့ **BAW GA GYI CO., LTD.** ၏ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ကင်းလွတ်ခွင့်များကိုလည်းပေးပါရန် ရိုသေလေးစားစွာ ဖြင့်လျှောက်ထား အပ်ပါသည်။

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားစာရွက်စာတမ်းများကိုပူးတွဲတင်ပြအပ်ပါသည်။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုပြုလုပ်ပါရန် ကမကထပြု သူ၏လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်၊

၂။ လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ။

၃။ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ။

၄။ ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှုဇယားများ၊

ရိုသေလေးစားစွာဖြင့် လျှောက်ထားသူ

ဦးမြင့်သိန်း
(ဒါရိုက်တာ)
Baw Ga Gyi Co., Ltd.

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်
(ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈)

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊
ရက်စွဲ၊ ။ ၁ - ၉ - ၉၈

ကျွန်တော်/ကျွန်မ သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလိုပါသဖြင့် ခွင့်ပြုပါရန် အောက်ပါအချက်အလက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံသူ၏ -

(က) အမည် – ဦး မြင့် သိန်း
(ခ) အဘအမည် – ဦး မောင် အုန်း
(ဂ) နိုင်ငံသား အမျိုးသားမှတ်ပုံတင်အမှတ် – MWA-009101
(ဃ) နေရပ်လိပ်စာ – အမှတ် ၄၇၊ ဒုတိယထပ် ကိုင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
(င) လူမျိုး / ဘာသာ – ဗမာ ဗုဒ္ဓဘာသာ
(စ) အဖွဲ့အစည်းအမည် – Baw Ga Gyi Company Limited
(ဆ) လုပ်ငန်းအမျိုးအစား – နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်ငန်း
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ် – အမှတ် ၄၇၊ ဒုတိယထပ် ကိုင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

၂။ ဖက်စပ် ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည် –
(ခ) အဘအမည် –
(ဂ) နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ် –
(ဃ) နေရပ်လိပ်စာ –
(င) လူမျိုး / ဘာသာ –
(စ) အဖွဲ့အစည်းအမည် –
(ဆ) လုပ်ငန်းအမျိုးအစား –
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ် –

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား

(က) ကုန်ထုတ်လုပ်မှု လုပ်ငန်း – နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း
(ခ) ဝန်ဆောင်မှုလုပ်ငန်း –

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ -

(က) နိုင်ငံသားနှင့်နိုင်ငံသားတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း – လီမိတက်ကုမ္ပဏီ (နောက်ဆက်တွဲ ဇယား- ၁)
(ခ) အဖွဲ့အစည်းနှင့်နိုင်ငံသားတို့က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း –
(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့ က ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်း –

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ်ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဍာန် –
  (က) တစ်ဦးတည်းပိုင်
  (ခ) အစုစပ်လုပ်ငန်း –
  (ဂ) လီမိတက် ကုမ္ပဏီ –
  (ဃ) သမဝါယမအသင်း – Baw Ga Gyi Company Limited
–

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက
  (က) အစုဝင်တို့ကထည့်ဝင်မည့်အစုငွေ အမျိုးအစားနှင့်ပမာဏ –
  (ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား –
  (ဂ) အစုဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ –
  (နေရာမလုံလောက်ကသီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ သမဝါယာမအသင်း/လီမိတက် ကုမ္ပဏီ ဖြစ်ပါက
  (က) ခွင့်ပြုမတည်ငွေရင်း – ကျပ်၅၀,၀၀၀,၀၀၀/-(ကျပ်သန်းငါးဆယ်တိတိ)
  (ခ) အစုရှယ်ယာအမျိုးအစား – တစ်စုလျှင် ကျပ်၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ) တန် သာမန်အစုရှယ်ယာ ၅,၀၀၀ (ငါးထောင်)
  (ဂ) အစုရှယ်ယာရှင်များထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ – ကျပ် ၄၂,၀၀၀,၀၀၀/-(ကျပ်သန်းလေးဆယ့်နှစ်သန်းတိတိ) တစ်စုလျှင် ကျပ်၁၀,၀၀၀/- တန် အစုရှယ်ယာ (၄၂၀၀)သာမန်အစုရှယ်ယာ

၈။ ရင်းနှီးမြှုပ်နှံမှုပြု လုပ်သည့်အဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ-
  (က) မတည်ငွေရင်းပမာဏ (ယခုအဆိုပြုလုပ်ငန်းအတွက်)

(၁)	ငွေပမာဏ	ကျပ်
(၂)	ကုန်ကြမ်းပစ္စည်းများ	၁၈,၁၈၄,၀၀၀
(၃)	အဆောက်အဦး (နောက်ဆက်တွဲဇယား-၂)	–
(၄)	မြေ	၁၂,၈၁၆,၀၀၀
(၅)	စက်ပစ္စည်းကိရိယာများ(နောက်ဆက်တွဲဇယား-၃)	၁၁,၀၀၀,၀၀၀
(၆)	ကုန်ကြမ်း+ဆောက်လုပ်ရေးပစ္စည်းများ	၁,၄၇၆,၀၀၀
		၂,၁၈၄,၀၀၀
	စုစုပေါင်းထည့်ဝင်ရင်းနှီးငွေ	၄၅,၆၆၀,၀၀၀

စက်ပစ္စည်းကိရိယာများနှင့်ဆောက်လုပ်ရေးပစ္စည်းများ ကို Baw Ga Gyi Co., Ltd. သည် စက်ပူနိုင်ငံရှိ Golden Moon Exp. & Imp. Pte. Ltd. မှရွှေ့ဆိုင်းပေးချေခြင်းစနစ် (Deferred Payment System) ဖြင့် (၄)နှစ်အတွင်းပြန်ဆပ်၍တစ်နှစ်လျှင် အတိုး (၅) ရာခိုင်နှုန်းဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။

  (ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့်

		ကျပ်	အမေရိကန်ဒေါ်လာ
(၁)	စက်ပစ္စည်းများ၊စက်ကိရိယာများ၏တန်ဖိုး	၁,၄၇၆,၀၀၀	၂၄၆,၀၀၀
(၂)	ဆောက်လုပ်ရေးပစ္စည်းများ	၂,၁၈၄,၀၀၀	၃၆၄,၀၀၀
(၃)	ကျွမ်းကျင်မှုနည်းပညာရပ်များ၏တန်ဖိုးပမာဏ		
		၃,၆၆၀,၀၀၀	၆၁၀,၀၀၀

(ဂ) တည်ဆောက်မှုကာလ — (၁၁) လ

(ဃ) ပဏာမစူးစမ်းလေ့လာမှု ပြုလုပ်မည့်ကာလ — (၁) လ

(င) တည်ဆောက်မှု စတင်မည့်အချိန် — မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုမိန့် ရရှိသည့်နေ့မှ စတင်ဆောင်ရွက်သွားမည်။

၉။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ–

(က) လုပ်ငန်းအမျိုးအစား – နိုင်ငံတကာ အဆင့်မီ အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ဒေသများ – မြေကွက်အမှတ်(၇၇)၊ လှိုင်သာယာစက်မှုဇုန်(၄) လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) ဆောင်ရွက်မည့်ပုံ နည်းစနစ် – အခစား ထုတ်လုပ်မှုစနစ်
Cutting, Making and Packaging (C.M.P)

(ဃ) နှစ်စဉ်စက်သုံးဆီလိုအပ်ချက် –

၁။ ဇယ်ဆီ – ဂါလန် (၁၅၀၀၀)

၂။ ဓါတ်ဆီ – ဂါလန် (၄၀၀၀)

၃။ စက်ဆီ၊ချောဆီ – ဂါလန် (၅၀၀)

(င) နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက် –

၁။ လျှပ်စစ်ဓါတ်အား – ၁၅၀ ကီလိုဝပ်

၂။ ဒီဇယ်ဆီ အင်ဂျင်စက်အင်အား – (၁၅၀)

၃။ ဘွိုင်လာအသုံးပြုအင်ဂျင်စက်အား – ၁၅၀ ကီလိုဝပ်

၄။ သဘာဝဓါတ်ငွေ့သုံးစက်အား –

၅။ ပေးပို့သည့်အခြားအား (ရေအား / လေအားစသည်များ) –

(စ) နှစ်စဉ် ရေလိုအပ်ချက် –

၁။ တစ်နေ့ ရေလိုအပ်ချက် – ဂါလန် (၁၅၀၀)

၂။ တစ်နှစ် ရေလိုအပ်ချက် – ဂါလန် (၄၅၀၀၀၀)

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက် – နောက်ဆက်တွဲ ဇယား – ၄

(ဇ) အဆောက်အဦးလိုအပ်ချက် – (၂၃၀'x၅၀') အဆောက်အဦး (၁)လုံး

(ဈ) မြေနေရာအမျိုးအစားနှင့်အကျယ်အဝန်းလိုအပ်ချက် – ပုဂ္ဂလိကပိုင်စက်မှုမြေ (၁.၀၀၁) ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း / ဝန်ဆောင်မှု – နောက်ဆက်တွဲဇယား – ၅

(ဋ) ရောင်းချမည့်နည်းစနစ် –
ပြည်ပသို့တင်ပို့ခြင်း – ၉၅%
ပြည်တွင်းကျပ်ငွေဖြင့်ရောင်းချခြင်း – ၅%

၁၀။ နှစ်စဉ်ထုတ်လုပ်မှု / ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအချက်အလက်များ–

	ခန့်မှန်းခြေ	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ	နောက်ဆက်တွဲ ဇယား – ၆	
(ခ) လိုအပ်မည့် နိုင်ငံခြားသုံးငွေ	နောက်ဆက်တွဲ ဇယား – ၇	
(ဂ) ရရှိမည့် နိုင်ငံခြားသုံးငွေပမာဏ	နောက်ဆက်တွဲ ဇယား – ၅	
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုး	နောက်ဆက်တွဲ ဇယား – ၅	
(င) နှစ်စဉ်ပြည်တွင်း၌ ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုး	နောက်ဆက်တွဲ ဇယား – ၅	

၁၁။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့် အမှုထမ်းစာရင်း –

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ — နောက်ဆက်တွဲ ဇယား – ၇

(ခ) နိုင်ငံခြားမှ လိုအပ်သည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ

၁၂။ စီးပွားရေး တွက်ချေကိုက်မှုနှင့်စပ်လျဉ်းသော အချက်အလက်များ

	ခန့်မှန်းခြေ	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ ဇယား – ၈	
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ ဇယား – ၈	
(ဂ) နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ ဇယား – ၈	
(ဃ) နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု	နောက်ဆက်တွဲ ဇယား – ၉	
(င) အရင်းကြေကာလ	နောက်ဆက်တွဲ ဇယား – ၁၀	
(စ) အခြားအကျိုးအမြတ်များ	နောက်ဆက်တွဲ ဇယား – ၁၁	
(ဆ) အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် အခြေအနေ	နောက်ဆက်တွဲ ဇယား – ၇	

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့်စပ်လျဉ်းသည့် အထောက်အထားများ–

အဆိုပြုတင်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင် ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း

(ခ) လုပ်ငန်းပိုင်းနှင့် ငွေကြေးရေးဆိုင်ရာ အထောက်အထားများ

(ဂ) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ

(ဃ) လက်ရှိ ဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့်အခြေအနေ အထောက်အထားများ။

လက်မှတ် ။ ။ (signature)

အမည် ။ ။ ဦး မြင့် သိန်း

ရာထူး ။ ။ ဒါရိုက်တာ

Baw Ga Gyi Company Limited

LIST OF EXECUTIVES OF BAW GA GYI CO., LTD.

Exhibit No. (1)

Sr. No.	Name	Citizenship & N.R.C No.	Designation	Address	Amount of Capital	%
ထို့ကြောင့် ဤစာချုပ်-ချုပ်ဆိုသည့် ၂၆-၈-၁၉၉၇ နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြားအတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင် [illegible] ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့၌၊ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါးနှစ်အတွင်းတွင် ကျပ် ၂၁၆၀/- ပြား (ကျပ်နှစ်ထောင့်တစ်ရာခြောက်ဆယ်) တိတိကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇန်နဝါရီလ ၁-ရက်နေ့တွင် လည်းကောင်း၊ ဧပြီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဧပြီ ၁-ရက်နေ့တွင် လည်းကောင်း၊ ဇူလိုင်လ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဇူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁-ရက်နေ့မှစသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင်လည်းကောင်း ကြိုတင်ပေးဆောင်ရမည်။ အဆိုပါနှစ်ခြောက်ဆယ်ကာလ အပိုင်းအခြား၏ ဒုတိယတစ်ဆယ့်ငါးနှစ်နှင့် တတိယတစ်ဆယ့်ငါးနှစ်၊ စတုတ္ထတစ်ဆယ့်ငါးနှစ်အတွက် အပိုဒ် ၃-တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင်ရမည်။

26 AUG 1997

၁။ အငှားစာချုပ်ရသူသည် အငှားချထားသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အထက်၌ မြေငှားခကိုပေးဆောင်ရန် သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အဆိုပါမြေငှားခနှင့် အဆိုပါမြေကွက်ပေါ်၌လည်းကောင်း၊ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော [illegible] သော်လည်းကောင်း၊ အငှားစာချုပ်ရသူအပေါ်၌လည်းကောင်း အဆိုပါ နှစ်ခြောက်ဆယ့် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ဆဲ စည်းကြပ်လတ္တံ့ ဖြစ်သော အခွန်အတုတ်အားလုံးကို ပေးဆောင်ရန်။

(ခ) ဤစာချုပ်ချုပ်ဆိုသည့်နေ့မှ ၆-လအတွင်း စတင်ဆောက်လုပ်၍ နှစ်နှစ်အတွင်း အဆိုပါမြေကွက်ပေါ်၌ ကောင်းမွန်နိုင်ခံသော [illegible] ဆိုင်သည့်တရားဥပဒေများနှင့် အညီ၊ ပြီးစီးအောင်ဆောက်လုပ်ရန်နှင့် ထိုလူနေအိမ်စသည်တို့ကို အဆိုပါနှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြားအတွင်း ပြုပြင်မွမ်းမံထားရှိရန်။

(ဂ) အဆိုပါမြေကွက်တည်ရှိသော ရပ်ကွက်၌သက်ဆိုင်ရာဒေသန္တရအာဏာပိုင်များက မိလ္လာပိုက်နှင့်ရေပိုက်များ ချထားလျှင်၊ [illegible] တရားဥပဒေနှင့်အညီ အဆိုပါမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော [illegible] ထိုမိလ္လာပိုက်၊ ရေပိုက်များနှင့် ဆက်သွယ်ရန်။

(ဃ) သက်ဆိုင်သော ဒေသန္တရအာဏာပိုင်က ခွင့်ပြုသော အဆောင်ခွဲနှင့် အလုပ်သမားတန်းလျားများမှအပ အဆိုပါမြေကွက်ပေါ်၌ အဆောက်အအုံတစ်ခုထက်ပို၍ မဆောက်လုပ်ရန်။

(င) အငှားချထားသူ၏ စာဖြင့် သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ၊ နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားအတွင်းအဆိုပါ မြေကွက်ကို[illegible]၊ အခြားကိစ္စအတွက် အသုံးပြုရန်နှင့် အဆိုပါ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့်[illegible]ခြားနည်း အသုံးမပြုရန်။

(စ) အငှားချထားသူ၏ စာဖြင့် ကြိုတင်သဘောတူညီချက်မရရှိဘဲ၊ စာချုပ်ပါမြေကို ခွဲခြမ်းခြင်းမပြုရသည့်ပြင် ၎င်းမြေတစ်စိတ်တစ်ဒေသကိုလည်း လွှဲပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လက်လွှတ်ခြင်းများမပြုလုပ်ရ။

(ဆ) ဤစာချုပ်နှင့်စပ်လျဉ်း၍ မည်သည့်ကိစ္စအတွက်မဆို၊ အဆိုပါမြေကွက်သို့ဖြစ်စေ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံသို့ဖြစ်စေ၊နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရ ဆောင်ရွက်သူများအား နေ့ခင်းသင့်တော်သည့် အချိန်များတွင် ဝင်ရောက်ခွင့်ပြုရန်။

(ဇ) ဤစာချုပ်အရ အငှားချထားသည့် နှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြား ကုန်ဆုံးသောအခါ အဆိုပါမြေကွက်တည်ရှိသည့် အဆောက်အအုံ၊ထိုအဆောက်အအုံနှင့် အမြဲတွဲကပ်ထားသော ပစ္စည်းမပါဝင်စေဘဲ၊အဆိုပါမြေကွက်ကို အငှားချထား သူအား အေးဆေးစွာပြန်လည် ပေးအပ်ရန်။ သို့ရာတွင် အငှားချထားသူက အပိုဒ် ၂-အရ အဆိုပါမြေကွက်ကို ပြန်လည်သိမ်းယူပြီး စာချုပ်ကိုရုပ်စဲလျှင် အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသည့် အဆောက်အအုံ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသောပစ္စည်းများကို အငှားစာချုပ်ရသူက အငှားချထားသူအား အေးဆေးစွာ ပြန်လည်ပေးအပ်ရန်။

အပိုပဋိညာဉ်ခံချက်များ

ဖော်ပြပါ မြေငှားခနှုန်းသည် ယာယီမျှသာဖြစ်၍ ၁၉၉၇ ခုနှစ် အတွင်းတွင် ဖြစ်စေ ထိုနောက် အချိန်ကာလတွင် ပြန်လည်ပြင်ဆင်သင့်က ပြင်ဆင်စည်းကြပ်ရန် ဖြစ်သည်။

၂။ အဆိုပါ မြေငှားခကို တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ ကြိုတင်ပေးဆောင်ရမည့် သုံးလပတ်အတွက် မြေငှားခကို သို့တည်းမဟုတ် ၎င်း၏ အစိတ်အပိုင်းကို ထိုသုံးလပတ်၏ ဒုတိယလ ဦးပိုင်းတွင် မပေးဆောင်သဖြင့် မြေငှားခ မပြေကျန်ရှိလျှင် သို့တည်းမဟုတ် အငှားစာချုပ်ရသူသည် အထက်တွင် ဖော်ပြပါရှိသည့် ပဋိညာဉ်ခံချက်များ အတိုင်း လိုက်နာဆောင်ရွက် ရန် ပျက်ကွက်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ မြေငှားခကို ရယူရန် ချက်ချင်း အမှုဖွင့်နိုင်သည်။ ထို့ပြင် သို့တည်းမဟုတ် ယခင်က ပဋိညာဉ်ခံ ချက်ပျက်ကွက်ခြင်းအတွက် အရေးယူပိုင်ခွင့်ကိုဖြစ်စေ၊အဆိုပါမြေကွက်ပြန်လည်သိမ်းယူနိုင်ခွင့်ကိုဖြစ်စေ စွန့်လွှတ်ခဲ့စေကာမူ ဤစာ ချုပ်ကို ပယ်ဖျက်၍အဆိုပါ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသော အဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို သိမ်းယူနိုင်သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အပိုဒ် ၂-အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့် နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ပျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက်စေရန် အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည် သိမ်းယူသည့်အချိန်တွင် ထိုမြေကွက်ပေါ်၌တည်ရှိနေသော အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများ သို့တည်းမဟုတ် ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊ အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ် ဖျက်ဆီးယိုယွင်းခြင်းအတွက်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂-အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူကနှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပဋိညာဉ်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ်ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန် မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၂၀၁၂) ခုနှစ်၊ ဖေဖော်ဝါရီ လ၊ (၂၅) ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံး သည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကို လည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄-အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဋ္ဌာန်းထား သည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေး ဆောင်ရန်။

(ဃ) ဤစာချုပ်ပါအခြားပြဋ္ဌာန်းချက်များတွင် ဆန့်ကျင်လျက်မည်သို့ပင်ပါရှိစေကာမူ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ပထမနှစ်ပေါင်းသုံးဆယ်အတွင်းသတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောမြေငှားခကို ပြေလည်အောင် ပေး ဆောင်ခဲ့သောကြောင့် လည်းကောင်း၊ ပြုလုပ်ထားသည့်ပဋိညာဉ်ခံချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ခဲ့သောကြောင့် လည်းကောင်း သတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောသုံးလပတ် မြေငှားခဖြင့်နောက်ထပ် နှစ်ပေါင်း သုံးဆယ်အတွက် ဆက်လက်၍ အဆိုပါမြေကွက်ကို ငှားရမ်း မြေငှားစာချုပ် အသစ် ချုပ်ဆိုရန် သဘောတူကြောင်း အဆိုပါ ပထမ နှစ်ပေါင်းသုံးဆယ်မပြည့်မီ အနည်းဆုံးခြောက်လကြိုတင်၍ အငှားရသူက အငှားချထားသူအား စာဖြင့် အကြောင်းကြား ရမည်။ အကြောင်းကြားစာနှင့်အတူ ပလမမြေငှားစာချုပ်ကိုပေးအပ်လျှင် ထိုအကြောင်းကြားစာရရှိသည့်နေ့မှ ခြောက်လအတွင်းနောင် နှစ်ပေါင်းသုံးဆယ်အတွက် ပထမမြေငှားစာချုပ်ပါ ပဋိညာဉ်ခံချက်များနှင့်ဖြစ်နိုင်သမျှ တူညီသည့် ပဋိညာဉ် ခံချက်များပါရှိသည့် မြေငှားစာချုပ် အသစ်ကို အငှားစာချုပ်ရသူ၏ စရိတ်ဖြင့် အငှားချထားသူကထုတ်ပေးရန်။ အကယ်၍ မြေငှားခကို သတ်မှတ်ခြင်းမရှိသေးလျှင် ပလမမြေငှားစာချုပ်အရ နောက်ဆုံးပေးဆောင်ခဲ့ရသော သုံးလပတ်မြေငှားခကို အငှားစာချုပ်ရသူကပေးဆောင်ရန်။

...စာချုပ်များကို သိရှိနားလည်ပြီးဖြစ်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့ရှေ့တွင် ဦးစီးဌာနတံဆိပ်ကိုခတ်နှိပ်၍ အဆိုပါညွှန်ကြားရေးမှူးချုပ်နှင့် အဆိုပါ ဦး မြင့်ဘဦး သည် ဤစာချုပ်ကိုအထက်၌ဖော်ပြခဲ့သည့်နေ့တွင် လက်မှတ် ရေးထိုးကြကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန

မြို့ ရန်ကုန်

တံဆိပ်ကို ညွှန်ကြားရေးမှူးချုပ် ဦး အုံ ကျော် ညွှန်ကြားရေးမှူးချုပ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦး နီ လှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်

နှင့် ညွှန်ကြားရေးမှူး ဦး တင်ဝင်း
ရှေ့မှောက်၌ ခတ်နှိပ်၍ အဆိုပါ
ညွှန်ကြားရေးမှူးချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်
ညွှန်ကြားရေးမှူးတို့လက်မှတ် ရေးထိုးသည်။

ညွှန်ကြားရေးမှူး

(တံဆိပ်: မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန / ခံလှမှတ်တံဆိပ် / ရက်စွဲ............ / စီမံခန့်ခွဲရေးရုံး / လှိုင်သာယာမြို့နယ်)

အသိသက်သေ။

ဒုတိယညွှန်ကြား ရေးမှူး (မြေနှင့်အခွန်) ဦး ကျော်စင်း

အငှားစာချုပ်ရသူ ဦး မြင့်ဘဦး က
လက်မှတ်ရေးထိုးသည်။

အငှားစာချုပ်ရသူ

အသိသက်သေ။

၁။ (ဦး ...) ZGN. ၀၄၄၃၉၉

၂။

ဦးစိုးတာရာရှိ
လှိုင်သာယာစက်မှုဇုန်
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဦးဘ... ...ရာရှိ
အထက်ပါမိတ္တူမှန်ကြောင်းလက်မှတ်ရေးထိုးသည်။
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

လှိုင်သာယာမြို့
ခွင့်ပြုပြီးမြေပုံဖြစ်သော လူနေရပ်ကွက်အမှတ် စက်မှုဇုန်
မြေတိုင်းရပ်ကွက်အမှတ် ဘုန်ကြီး (၄၂)
ရန်ကုန်မြို့ လှိုင်သာယာ မြို့နယ်။
အကွက်ရှိ ________ တန်းစား၊ မြေကွက်အမှတ် ၅၅
ဖြစ်သည်။ ပူးတွဲပါ မြေပုံ၌ မင်နီဖြင့် ပြထားသော အကျယ်အဝန်း ၁၆၁.၆"/၁၄၁ပေ၊ အနံ ၂၇၀'၆" ပေခန့်ရှိသော အလား အလာ
အရှေ့လားသော် ၆ မြေကွက် ၁၁ မှတ် ၁၁၁
အနောက်လားသော် ၆ မြေကွက် ၁၁ မှတ် ၅၆
တောင်လားသော် ၆ မြေကွက် ၁၁ မှတ် ၅၅
မြောက်လားသော် ၈၁၆
အကွက်ရှိ မြေအားလုံး ဧရိယာ ________ ဧက၊ (စတုရန်းပေ ၄၃၆၁၈)

ရန်ကုန်မြို့တော်


အိုးအိမ်ပုံစံ

အက်စ် - ၂၂

လှိုင်သာယာ......မြို့နယ် လူနေရပ်ကွက်အမှတ်...... စက်မှုဇုန်

မြေတိုင်းရပ်ကွက်အမှတ် ဇာပိုင်း(၄) မှမြေကွက်အမှတ် ၃၃ ၏မြေပုံ

၁-လက်မလျှင် ၁၀၀ ပေစကေး



ရည်ညွှန်းချက်

........................ဧရိယာ

စတုရန်းပေ...... ၄၃၆၁၈

ဧက...... ၁.၀၀၁

မြေတိုင်း(၄)

မြေတိုင်း(၃)

မြေတိုင်း(၂)

ဦးစီးအရာရှိ

မြေတိုင်းဌာနခွဲ

မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော
အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

ဘောဂကြီး ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းများ

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

MEMORANDUM OF ASSOCIATION

AND

ARTICLES OF ASSOCIATION

OF

BAW GA GYI COMPANY LIMITED

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ
အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ

ဘောဂကြီး ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

❖❖❖❖❖❖❖❖❖❖❖❖

၁။ ဤကုမ္ပဏီ၏ အမည်သည် ဘောဂကြီး ကုမ္ပဏီ လီမိတက် ဖြစ်သည်။

၂။ ဤကုမ္ပဏီ၏ မှတ်ပုံတင်အလုပ်တိုက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တည်ရှိသည်။

၃။ ဤကုမ္ပဏီကို တည်ထောင်ရသော ရည်ရွယ်ချက်များမှာ–

(၁) အောက်ပါလုပ်ငန်းများကို မိမိတစ်ဦးတည်းဖြစ်စေ၊ အခြား မည်သည့် နိုင်ငံခြား၊ သို့မဟုတ် ပြည်တွင်းလုပ်ငန်းများနှင့်မဆို ဖက်စပ်လုပ်ငန်းအဖြစ်ဖြင့် လုပ်ကိုင်ရန်။

(က) ပစ္စည်းအမျိုးမျိုး နှင့် ပတ်သက်၍၊ သွင်းကုန်လုပ်ကိုင်သူများ၊ ထုတ်ကုန်လုပ်ကိုင်သူများ၊ အထွေထွေကုန်သည်များ၊ ကုန်လှောင်ရုံလုပ်ကိုင်သူများ၊ လက်ကားရောင်းသူများ နှင့် လက်လီရောင်းသူများ၊ ကုန်လှောင်သူများ၊ ပွဲစားများ၊ ကော်မရှင် ကိုယ်စားလှယ်များ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ်များ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးနှင့် ထုတ်ယူရှင်းလင်းရေး ကိုယ်စားလှယ်များ၏ လုပ်ငန်းများ။

(ခ) စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ သစ်တော (ကျွန်းသစ်မှအပ)၊ ရေထွက်လုပ်ငန်း၊ မွေးမြူရေး၊ ဆောက်လုပ်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်းများ နှင့် ဆက်နွယ်သော ဆောင်ရွက်ချက်အဆင့်ဆင့်ကို တိုးတက်ဖွံ့ဖြိုးစေခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ အဆင့်ဆင့်ထုတ်လုပ်ခြင်း လုပ်ငန်း[illegible]။

(ဂ) ကြော်ငြာခြင်းနှင့်အများအားအသိပေးခြင်း၊ ပုံနှိပ်ထုတ်[illegible]ဝေခြင်း၊ ဧည့်ခံဖျော်ဖြေခြင်း၊ ကျွမ်းကျင်မှုလုပ်ငန်းနှင့် စီးပွားရေး အတိုင်ပင်ခံလုပ်ငန်းများ။

(၂) ကုမ္ပဏီအတွက် အမြတ်ရရှိမည်ဟု ယူဆပါက ပြည်တွင်းပြည်ပ ကုမ္ပဏီများ၏ ကိုယ်စား စီးပွားရေး အကျိုးဆောင်အဖြစ် ဆောင်ရွက်ရန်။

(၃) အစိုးရလုပ်ငန်းများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံခြားကုမ္ပဏီများ၊ သို့မဟုတ် သီးခြားရပ်တည်သည့် နိုင်ငံခြားကုမ္ပဏီများ၏ စီးပွားရေးနယ်ပယ်ကဏ္ဍ အားလုံးတွင် ဝန်ဆောင်မှု ကန်ထရိုက်တာ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာ အဖြစ်ဖြင့် လုပ်ကိုင်ရန်။

(၄) စက်ရုံ၊ ကြိတ်ခွဲစက်နှင့် အလုပ်ရုံများ တည်ထောင်ခြင်း၊ လှေ၊ သင်္ဘောများ တည်ဆောက်ခြင်း၊ လှေ၊ သင်္ဘောများ ဆယ်ယူခြင်း၊ ပိုမိုကောင်းမွန်အောင် မွမ်းမံပြင်ဆင်ခြင်းနှင့် ဖြေးဆွဲခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်။

(၅) နိုင်ငံခြားမှ ကုန်တင်သွင်းသူများ၏အလုပ်၊ နိုင်ငံခြားသို့ ကုန်တင်ပို့သူများ၏အလုပ်၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၏ အလုပ်၊ သင်္ဘော၊ မော်တော်ကားများဖြင့် ကုန်တင်ပို့သူများ၏ အလုပ်၊ ပုံနှိပ်ထုတ်ဝေသူများ၏အလုပ်၊ ပစ္စည်းထိန်းများ၏ အလုပ်၊ ကုန်လှောင်သူများ၏ အလုပ်၊ အင်ဂျင်နီယာများ၏ အလုပ်၊ ကန်ထရိုက်တာများ၏ အလုပ်၊ ရောင်းဝယ်သူများ၏ အလုပ်၊ လက်လီလက်ကား ရောင်းသူများ၏ အလုပ်နှင့် သို့မဟုတ် မည်သည့်အမျိုးအစားဖြစ်သည့် ကုန်များကိုမဆို ဝယ်ယူသူများ၏ အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ရန်။

(၆) ကုမ္ပဏီက လုပ်နိုင်စွမ်းအရ၊ ကျွမ်းကျင်သည့် ဘာသာရပ်များနှင့် ပက်သက်၍ အတိုင်ပင်ခံ အကြံပေးလုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ရန်။

(၇) မော်တော်ယာဉ် ပို့ဆောင်ရေးလုပ်ငန်းနှင့် ပြင်ဆင်မှုလုပ်ငန်း၊ မြစ်ကြောင်း ပို့ဆောင်ရေး လုပ်ငန်း၊ သင်္ဘောကျင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်။

(၈) တရားဝင်စီးပွားရေး လုပ်ကိုင်သော မည်သည့် ကုမ္ပဏီ သို့မဟုတ် လူပုဂ္ဂိုလ်များ အတွက်မဆို သယ်ယူပို့ဆောင်ပေးသူများ၊ ကုန်လှောင်ရုံ လုပ်ကိုင်သူများ၊ ပွဲစားများ၊ ကန်ထရိုက်တာများအဖြစ်ဆောင်ရွက်ရန်။

(၉) သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်ဖြင့် ရုပ်ရှင်ကားများ၊ ဗွီဒီယိုတိပ်ခွေများ တင်သွင်း၍ ပြသခြင်း၊ ရောင်းချခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၀) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နှင့် ပြည်ပရှိ မည်သည့်အစိုးရလုပ်ငန်း၊ သို့မဟုတ် ဖက်စပ်အဖွဲ့အစည်း၊ သို့မဟုတ် သမဝါယမအသင်းအဖွဲ့၊ သို့မဟုတ် အစိုးရကဲ့သို့သော အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်မဆို စီးပွားရေး ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ရန်။

(၁၁) မည်သည့် အစိုးရဌာန၊ အာဏာပိုင်၊ စည်ပင်သာယာ၊ ဒေသန္တရ အဖွဲ့အစည်း၊ ပုဂ္ဂလိက၊ အစုစပ်၊ ကုမ္ပဏီ၏ အရွယ်အစား အမျိုးအမည်မရွေး အားလုံးသော အဆောက်အဦးများကို ကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အစားထိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်။

(၁၂) ကုမ္ပဏီအတွက် ငွေလိုပါက သင့်တော်သော အတိုးနှုန်းထားဖြင့် အစိုးရ အသိအမှတ်ပြုသော ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများထံမှ ငွေချေးယူရန်။

(၁၃) ငွေလွှဲစာချုပ်များ၊ ငွေပေးကတိစာချုပ်များ၊ ငွေလွှဲစာများ၊ သင်္ဘောကုန်တင် တန်ဆာများ၊ ကူပွန်လက်မှတ်များ၊ ဝရမ်းစာများ၊ ဒိဘင်ချာ ငွေစာချုပ်များ နှင့် အခြားလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများကို ငွေထုတ်ရန်၊ လက်ခံရန်၊ ထပ်ဆင့်လက်မှတ်ထိုးရန်၊ လျှော့နှုန်းပေးရန်၊ ထုတ်ပေးရန်၊ ဝယ်ရန်၊ ရောင်းရန်နှင့် အရောင်းအဝယ်ပြုလုပ်ရန်။

(၁၄) ကုမ္ပဏီမှ သင့်တော်မည်ဟု ယူဆရသော အခြားကုမ္ပဏီများ၊ စီးပွားရေးအဖွဲ့များ၊ ပုဂ္ဂလိကများသို့ ကြိုတင်ငွေပေးခြင်း၊ ကုန်အကြွေး ရောင်းချခြင်းများကို ပြုလုပ်ဆောင်ရွက်ရန်။

(၁၅) ချက်ခြင်းအသုံးပြုရန် မလိုသေးသော ကုမ္ပဏီ၏ ငွေများကို အခါအားလျော်စွာ ဒါရိုက်တာအဖွဲ့မှ သတ်မှတ် ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း ရင်းနှီးရန်နှင့် ဆောင်ရွက်ရန်။

(၁၆) ဒါရိုက်တာများက သဘောတူပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများက ခွင့်ပြုသော မည်သည့် စီးပွားရေးလုပ်ငန်းကိုမဆို လုပ်ကိုင်ရန်။

(၁၇) ကုန်ပစ္စည်းများ ပို့ဆောင်မှုနှင့် သင်္ဘောတင် ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၈) စက်မှုပစ္စည်း၊ စားကုန်ပစ္စည်းနှင့် [illegible] ကုန်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံကြီးများ တည်ထောင်ပြီး ကုန်ပစ္စည်းထုတ်လုပ်၍ ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချရန်။

(၁၉) ပြည်တွင်းပြည်ပရှိ မည်သည့်စီးပွားရေး အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များနှင့်မဆို ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန်။

(၂၀) နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်။

(၂၁) အထက်ပါ ရည်ရွယ်ချက်များ ပြည့်စုံဖြစ်ထွန်းစေရန် အထောက်အပံ့ဖြစ်စေမည့် မည်သည့် လုပ်ငန်းကိုမဆို လုပ်ကိုင်ဆောင်ရွက်ရန်အပြင် ကုမ္ပဏီ၏လုပ်ငန်း တိုးတက်စေမည့် (သို့မဟုတ်) အကျိုးဖြစ်ထွန်းစေမည့် (သို့မဟုတ်) အထက်ပါ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍၊ ချောမောစွာ လုပ်ကိုင်စေနိုင်မည်ဟု ထင်မြင်သည့် အခြားလုပ်ငန်းအဝဝကိုပါ လုပ်ကိုင်ဆောင်ရွက်ရန်။

(၂၂) ပြည်တွင်း တစ်သီးပုဂ္ဂလများ၊ အစုစပ်အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ၊ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် စုပေါင်း၍သော်လည်းကောင်း၊ သီးခြားစီ ပူးတွဲ၍သော်လည်းကောင်း၊ အစုရှယ်ယာများ ပါဝင်၍သော်လည်းကောင်း ဆောင်ရွက်ရန်အပြင် နိုင်ငံခြားတိုင်းပြည်များနှင့်လည်း အလားတူဆောင်ရွက်ရန်။

(၂၃) ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်။

ခြွင်းချက်။ ။ **ဤကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ဖြစ်စေ၊ (သို့မဟုတ်) အခြားဒေသများ၌ဖြစ်စေ၊ အချိန်ကာလအလိုက် တည်မြဲနေသော ဥပဒေပြဋ္ဌာန်းချက်များအရ ပေးထားသည့် လုပ်ပိုင်ခွင့်တို့မှအပ၊ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုပါဟူ၍လည်းကောင်း၊ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ အချိန်ကာလအလိုက် တည်မြဲနေသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှသာ (သို့မဟုတ်) ခွင့်ပြုချက်ရမှသာ လုပ်ကိုင်ဆောင်ရွက်ပါမည် ဟူ၍လည်းကောင်း ခြွင်းချက်ထားရှိပါသည်။**

၄။ အစုရှင်တို့၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည်။

၅။ ကုမ္ပဏီ၏ ခွင့်ပြု,မတည်ငွေရင်းသည် ကျပ်-၅၀,၀၀၀,၀၀၀/- (ကျပ်ငါးဆယ်သန်း) ဖြစ်၍၊ တစ်စုလျှင် ကျပ် ၁၀,၀၀၀/- (ကျပ် တစ်သောင်း) နှင့် အစုရှယ်ယာပေါင်း ၅၀၀၀(ငါးထောင်) ခွဲထားသည်။ ငွေရင်းကို တိုးရန် (သို့မဟုတ်) လျှော့ရန်၊ (သို့မဟုတ်) ပြောင်းလဲရန် ကုမ္ပဏီ၏ တည်ဆဲစည်းမျဉ်း ဥပဒေများအတိုင်း (သို့မဟုတ်) အခါအားလျော်စွာ တည်မြဲနေသော ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် အာဏာရှိစေရမည်။

အောက်တွင် အမည်၊ လူမျိုး၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စိကိုယ်ငှသည် ဤသင်းဖွဲ့မှတ်တမ်းအရ ကုမ္ပဏီတစ်ခု ဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ဖော်ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မ,တည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူ အမည်၊ နေရပ်လိပ်စာ နှင့် အလုပ်အကိုင်	နိုင်ငံသားနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
၁။	ဦး[illegible] No. [illegible] [illegible] [illegible]	MWH-[illegible]	၁၀-	[illegible]
၂။	ဦး[illegible] No. 6, ၁၃ လမ်း, [illegible] [illegible]	MWH-၀၀၆၄[illegible]	၁၀-	[illegible]
၃။	ဦး[illegible] [illegible] ဘုရားကြီးရပ်ကွက် [illegible]မြို့	[illegible]၀၂၁၇၈[illegible]	၁၀-	[illegible]
၄။	ဦး[illegible] ဘုရားကြီးလမ်း ဘုရားကြီးရပ် [illegible]မြို့	BZ-၀၀[illegible]	၁၀-	[illegible]
၅။	ဦး[illegible] [illegible] [illegible]	MWH-၀၀၇၁၀၀	၁၀-	[illegible]

ရန်ကုန်မြို့၊ နေ့စွဲ၊ ၁၉ ခုနှစ်၊ လ၊ ရက်။

အထက်ပါ လက်မှတ်ရှင်များသည်၊ ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

U THAN AUNG B.A., R.L
SUPREME COURT ADVOCATE
LEGAL AND BUSINESS CONSULTANT

Office:
No: 8; 34th Street
Kyauktada T/S
Tel: 01-276984

Residence:
No: 85, Eingyi St,
Pazundaung T/S,
Tel: 01-290015

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ
အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

ဘောဂကြီး ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ

❖❖❖❖❖❖❖❖❖❖❖❖❖

၁။ အောက်ပါစည်းမျဉ်းများ၊ သို့တည်းမဟုတ် ယခုကုမ္ပဏီသည် အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီအင်္ဂါရပ်များနှင့် ဖီလာဆန့်ကျင်ခြင်း မပြုသည့်၊ ထိုပြင် ထုတ်ပယ်ပြင်ဆင် ပြောင်းလဲထားသည့် စည်းမျဉ်းများမှအပ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေတွင် ပါရှိသည့် ပထမဇယားပုံစံ (က)ပါ စည်းမျဉ်းသည် ဤကုမ္ပဏီနှင့် သက်ဆိုင်စေရမည်။

သို့ရာတွင် မြန်မာနိုင်ငံများ အက်ဥပဒေ ပုဒ်မ-၁၇၊ အပုဒ်ခွဲ (၂) တွင် ပါရှိသော မလိုက်နာ မနေရသည့် စည်းမျဉ်းဥပဒေများသည် ကုမ္ပဏီနှင့် အမြဲတစေ သက်ဆိုင်စေရမည်။

အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

၂။ ကုမ္ပဏီသည် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်သည်။

(၁) ကုမ္ပဏီ၏ အစုရှယ်ယာများ လွှဲပြောင်းခြင်းကို ကန့်သတ်ထားသည်။

(၂) ကုမ္ပဏီ၏ လုပ်သားများမှအပ အစုရှယ်ယာရှင်ဦးရေကို ငါးဆယ်ထက်မပိုရန် သတ်မှတ် ထားသည်။

(၃) ပြည်သူလူထုသို့ ကုမ္ပဏီ၏ အစုရှယ်ယာများ၊ သို့တည်းမဟုတ် ငွေချေးစာချုပ်များ စာချုပ်များရှိက ယင်းဒိဘင်ချာများကို ဝယ်ယူကြပါရန် ဖိတ်ခေါ်ခြင်း မပြုလုပ်ရဟု တားမြစ်သည်။

(၄) ကုမ္ပဏီ၏ အစုရှယ်ယာတစ်စု သို့တည်းမဟုတ် အများကို ပုဂ္ဂိုလ်နှစ်ဦးနှင့် နှစ်ဦးထက်ပို၍ တွဲဖက်ပိုင်ဆိုင်နေပါက အဝိပ္ပာယ်ကောက်ယူရာဝယ် အစုရှယ်ယာပိုင်ရှင် တစ်ဦးတည်းဟူ၍သာ ယူဆရမည်။

မ, တည်ရင်းနှီးငွေနှင့် အစုရှယ်ယာများ

၃။ ကုမ္ပဏီ၏ အစုငွေရင်းသည် ကျပ် ၅၀,၀၀၀,၀၀၀/- (ကျပ်- ငါးဆယ်သန်းတိတိ) ဖြစ်၍ တစ်စုလျှင် ကျပ်-၁၀,၀၀၀/- (ကျပ်-တစ်သောင်းတိတိ) နှင့် အစုရှယ်ယာပေါင်း ၅၀၀၀ (ငါးထောင်) ခွဲထားပါသည်။ ငွေရင်းကို တိုးရန် (သို့မဟုတ်) လျှော့ချရန်၊ (သို့မဟုတ်) ပြောင်းလဲရန် ကုမ္ပဏီ၏ တည်ဆဲစည်းမျဉ်း ဥပဒေများအတိုင်း (သို့မဟုတ်)

အခါအားလျော်စွာ တည်မြဲနေသော ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် အာဏာရှိစေရမည်။

၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ၏ နောက်ဆက်တွဲ ပထမဇယား ပုံစံ(က) တွင် ပါရှိသော စည်းမျဉ်းအမှတ် (၃၁ မှ ၄၀၊ ၆၈၊ ၇၃ နှင့် ၈၈) တို့သည် ကုမ္ပဏီနှင့် မသက်ဆိုင်စေရ။

၅။ အစုရှယ်ယာ ပြောင်းလဲလက်ခံယူမည့်သူသည် အစုရှယ်ယာရှင်အဖြစ်ဖြင့် လက်ခံရန် မသင့်တော်သူ တစ်ယောက်ဟူ၍ ဒါရိုက်တာများက ယူဆပါလျှင် အစုရှယ်ယာ အပြောင်းအလဲကို မှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ

၆။ ဒါရိုက်တာများ၏ အရေအတွက်မှာ ၃ ဦးထက်မနည်း၊ ၁၅ ဦးထက်မများစေရ။

၇။ ဒါရိုက်တာတစ်ဦး၏ အရည်အချင်းမှာ ကုမ္ပဏီ၌ အစုရှယ်ယာ (တစ်ဆယ်) ထက် မနည်း လက်ရှိပိုင်ဆိုင်ရမည်။ ထို့ပြင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၅က ပြဋ္ဌာန်းထားသည်နှင့်အညီ ဝတ္တရားများ ထမ်းဆောင်ရန် တာဝန်ရှိစေရမည်။

၈။ ကုမ္ပဏီ၏ ပထမ ဒါရိုက်တာများသည်–

(၁) ဦးမြင့်သိန်း

(၂) ဦးသောင်းဟန်

(၃) ဦးအုန်း

(၄) ဦးတင်လှ နှင့်

(၅) ဦးမြင့်သန်း တို့ဖြစ်ကြသည်။

၉။ အကယ်၍ ကုမ္ပဏီ၏ အလုပ်ကိစ္စ ဆောင်ရွက်ရေးအတွက် အစည်းအဝေး တက်ရောက်သူဦးရေကို ဒါရိုက်တာအဖွဲ့က သတ်မှတ်ထားခြင်း မရှိပါက အစည်းအဝေး တက်ရောက်သူဦးရေမှာ (၂) ဦးထက် မနည်းစေရ။

၁၀။ ဒါရိုက်တာအဖွဲ့က ရွေးချယ်သော အဖွဲ့ဝင်ပုဂ္ဂိုလ်သည် ကုမ္ပဏီ၏အစည်းအဝေး သို့မဟုတ် ဒါရိုက်တာ အစည်းအဝေးများတွင် ဥက္ကဋ္ဌဖြစ်ရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၁။ ဒါရိုက်တာတို့သည် စီမံအုပ်ချုပ်မှုဒါရိုက်တာ၊ အထွေထွေမန်နေဂျာ၊ စီမံအုပ်ချုပ်မှုကိုယ်စားလှယ်များ သို့မဟုတ် ၎င်းတို့က သင့်လျော်သည်ထင်သည့် ၎င်းတို့အဖွဲ့မှ အဖွဲ့ဝင်လူကြီး၊

သို့မဟုတ်၊ အဖွဲ့ဝင်လူကြီးများ ပါဝင်သည့်ကော်မတီသို့၊ ၎င်းတို့၏ မည်သည့် အာဏာကိုမဆို လွှဲအပ်နိုင်သည်။ စီမံအုပ်ချုပ်မှုဒါရိုက်တာ၊ အထွေထွေမန်နေဂျာ၊ စီမံအုပ်ချုပ်မှုကိုယ်စားလှယ်များ၊ သို့မဟုတ် ဖော်ပြပါအတိုင်း ဖွဲ့စည်းထားသည့် မည်သည့်ကော်မတီမဆိုတို့သည်၊ ၎င်းတို့အား လွှဲအပ်ထားသည့် အာဏာများကို အသုံးပြုရာ၌ ဒါရိုက်တာဘုတ်အဖွဲ့က ၎င်းတို့အပေါ် အချိန်ကာလ အားလျော်စွာ ချမှတ်လာမည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၂။ ဒါရိုက်တာများသည် မိမိတို့၏ ခံစားခွင့်များကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်သည်။

ဒါရိုက်တာများ အလှည့်ကျစီ ဆောင်ရွက်ခြင်း

၁၃။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၆ (ဈ) အရသော်လည်းကောင်း၊ သို့မဟုတ် ဒါရိုက်တာဘုတ်အဖွဲ့ဝင်၏ ဆုံးဖြတ်ချက်အရသော်လည်းကောင်း၊ ထုတ်ပယ် မခံရမချင်း ဒါရိုက်တာဘုတ်အဖွဲ့တို့သည် မိမိတို့ရာထူးကို တစ်နှစ်ပြီးတစ်နှစ် ဆက်လက် ရယူထားနိုင်သည်။

၁၄။ ဒါရိုက်တာများထဲမှ ရှောင်တခင် နေရာလစ်လပ်ခဲ့လျှင် ဒါရိုက်တာသစ်ကို အစားထိုး ခန့်ထားခြင်း မပြုဘဲ၊ နောက် သာမန်အထွေထွေအစည်းအဝေးက သာမန်ဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာအသစ်တစ်ဦးကို ခန့်ထားရမည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ရန် အစီအစဉ်

၁၅။ ဒါရိုက်တာများသည် လုပ်ငန်းကိစ္စများကို ပြီးပြတ်အောင် စည်းဝေးကျင်းပဆောင်ရွက်ခြင်း၊ ရွှေ့ဆိုင်းခြင်းကို သင့်သလိုလုပ်နိုင်သည်။ အစည်းအဝေးတွင် ပေါ်ပေါက်လာသော ပြဿနာများကို အများစုမဲဖြင့် ဆုံးဖြတ်ရမည်။ အကယ်၍ ဆန္ဒမဲအရေအတွက် တူညီနေပါက ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲပေး၍ အတည်ပြုနိုင်သည်။

၁၆။ လုပ်ငန်းကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရာတွင် လိုအပ်သော ဒါရိုက်တာ အနည်းဆုံးအရေအတွက်ကို ဒါရိုက်တာများက သတ်မှတ်ထားခြင်း ရှိရမည်။

၁၇။ ဒါရိုက်တာများသည် အစည်းအဝေးတွင် ဥက္ကဋ္ဌအား ရွေးချယ်တင်မြှောက်လျက် ၎င်း၏ ရာထူးသက်တမ်းအား သတ်မှတ်ရမည်။ အစည်းအဝေးတစ်ရပ် ကျင်းပရန် သတ်မှတ်သော အချိန် ကျရောက်ပြီးနောက် တစ်ဆယ့်ငါးမိနစ်အတွင်း ဥက္ကဋ္ဌမရှိဘဲ ဖြစ်နေလျှင် တက်ရောက်သော ဒါရိုက်တာများမှ တစ်ဦးဦးကို အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ရွေးချယ်ဆောင်ရွက်နိုင်သည်။

အမြတ်ခွဲဝေခြင်း နှင့် ရန်ပုံငွေထားရှိခြင်း

၁၈။ ကုမ္ပဏီသည် အထွေထွေအစည်းအဝေးကြီး၌ အမြတ်ဝေစုပေးရန် ကြေငြာနိုင်သည်။ သို့ရာတွင် ထိုသို့ ကြေငြာသည့် အမြတ်ဝေစုသည် ဒါရိုက်တာများ ထောက်ခံသည့် ပမာဏထက် မကျော်လွန်စေရ။

၁၉။ သို့ရာတွင် အမြတ်ဝေစုများ ထုတ်ပေးရာ၌ ကုမ္ပဏီ၏ တစ်နှစ်အတွက်ရရှိသည့် အမြတ်များ သို့တည်းမဟုတ် ခွဲဝေပေးရန် ယခင်နှစ်မှ ကျန်ရှိခဲ့သော အမြတ်များထဲမှ မဟုတ်လျှင် မည်သည့် အမြတ်ဝေစုကိုမျှ မပေးရ။

ငွေစာရင်းများ

၂၀။ ဒါရိုက်တာများသည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ (၁၃၀) မှ (၁၃၅) တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့် အခြားဥပဒေ ပြင်ဆင်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

စာရင်းစစ်များ

၂၁။ စာရင်းစစ်များကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ (၁၄၄) နှင့် (၁၄၅) တို့အရ ခန့်အပ်၍ ယင်းတို့၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးရမည်။ ထိုကဲ့သို့ သတ်မှတ်ရာတွင် ထိုအချိန် တည်ဆဲဖြစ်နေသည့် ဥပဒေ ပြင်ဆင်ချက်များအတိုင်း ဖြစ်စေရမည်။

စာရင်း ရှင်းလင်း ဖျက်သိမ်းခြင်း

၂၂။ အကယ်၍ ကုမ္ပဏီကို အလိုအလျောက် သို့တည်းမဟုတ် အခြားနည်းဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း ပြုလုပ်ပါလျှင် စာရင်းရှင်းလင်း ဖျက်သိမ်းသူသည် အထူး ဆုံးဖြတ်ချက်ဖြင့် ပေးအပ်သည့် အခွင့်အာဏာအရ ကြေးမြီပေးဆပ်ရာတွင် ထည့်ဝင်ရမည့်သူများသို့ ၎င်းတို့၏ အခွင့်အရေးတို့နှင့်အညီ ကုမ္ပဏီ၏ပစ္စည်းအားလုံးကိုသော်လည်းကောင်း၊ အချို့အဝက်ကိုသော်လည်းကောင်း ပစ္စည်းအဖြစ်ဖြင့် ခွဲဝေပေးနိုင်သည်။ ထို့အပြင် အဆိုပါ အခွင့်အာဏာအရ စာရင်းရှင်းလင်း ဖျက်သိမ်းသူသည် ကြွေးမြီ ပေးဆပ်ရာ၌ ထည့်ဝင်ရမည့်သူတို့အကျိုးငှာ၊ ကုမ္ပဏီ၏ မည်သည့်ပစ္စည်း အချို့အဝက်ကိုမဆို ယုံကြည် အပ်နှံခံရသူများထဲတွင် မိမိသင့်သည် ထင်မြင်သည့် ယုံကြည်အပ်နှံခြင်းဖြင့် အဆိုပါ အခွင့်အာဏာအရ အပ်နှံနိုင်သည်။ သို့ရာတွင် အစုရှယ်ယာရှင် မည်သူ့ကိုမျှ ကြွေးမြီတာဝန်မှ ကင်းသော အစုရှယ်ယာကို လက်ခံစေရန် အတင်းအကြပ် မပြုရ။

လျော်ကြေး

၂၃။ ကုမ္ပဏီအတွက် ဒါရိုက်တာ၊ စီမံအုပ်ချုပ်မှုဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ ငွေထိန်း၊ စီမံအုပ်ချုပ်မှု ကိုယ်စားလှယ်နှင့် အခြား ခန့်ထားသော အရာရှိများအား တရားမပုဒ်မ၊ ရာဇဝတ် အမှုအခင်း ဖြစ်ပွား၍သော်လည်းကောင်း၊ ကန်ထရိုက်လုပ်ငန်း လုပ်ရာ၌သော်လည်းကောင်း၊ အကြောင်းတစ်ခုခုနှင့် တစ်စုံတစ်ရာ ပြုလုပ်ရာ၌ ကုန်ကျစရိတ်များ၊ အရှုံးလျော်ကြေးပေးရန် ပေါ်ပေါက်လာခဲ့လျှင် အုပ်ချုပ်သူ အရာရှိများက ကုမ္ပဏီငွေထဲမှ ထုတ်ပေးရမည်။ ၎င်းပေးရမည့်ငွေသည် ကုမ္ပဏီပိုင်ပစ္စည်းပေါ်၌ ပိုင်ဆိုင်ခွင့်ရှိ၍ အစုရှင်များအပေါ် ပေးရန်ငွေများထက် ဦးစားပေးရမည်။

အောက်တွင် အမည်၊ လူမျိုး၊ နေရပ်နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှက်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့စည်းမျဉ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ဖော်ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မ,တည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူ အမည်၊ နေရပ်လိပ်စာ နှင့် အလုပ်အကိုင်	နိုင်ငံသားနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက် မှတ်
၁။	ဦး[illegible] [illegible]	[illegible]	၁၀ [illegible]	[illegible]
၂။	ဦး[illegible] [illegible]	[illegible]	၁၀	[illegible]
၃။	ဦး[illegible] [illegible]	CB-[illegible]	၁၀-	[illegible]
၄။	ဦး[illegible] [illegible]	BZ [illegible]	၁၀-	[illegible]
၅။	ဦး[illegible] [illegible]	[illegible]	၁၀-	[illegible]

ရန်ကုန်မြို့၊ နေ့စွဲ၊ ၁၉ ခုနှစ်၊ လ၊ ရက်။

အထက်ပါ လက်မှတ်ရှင်များသည်၊ ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

U THAN AUNG B.A., R.L
SUPREME COURT ADVOCATE
LEGAL AND BUSINESS CONSULTANT

Office,
No. 8, 34th Street
Kyauktada T/S
Tel: 01-276984

Residence.
No. 85, Eingyi St.
Pazundaung T/S,
Tel: 01-290015

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

MEMORANDUM OF ASSOCIATION

OF

BAW GA GYI COMPANY LIMITED

****

I. The name of the Company is BAW GA GYI COMPANY LIMITED.

II. The registered office of the Company will be situated in the Union of Myanmar.

III. The objects for which the Company is established are :-

(1) To carry on the following either solely on its own or joint venture with any foreign of local enterprises :-

(a) The business of importers, exporters, general traders, warehousemen, wholesalers and retailers, stockists, brokers, commission agents, forwarding and clearing agents, relating to all kinds of commodities;

(b) The business of development, production, manufacturing, processing of all kinds of operation relating to industry, agriculture, forest (other than teak), fishery, livestock construction and transportation;

(c) The business of service in advertising and publicity, printing and publishing, entertainment, technical and business consultants;

(2) To act as business representative on behalf of such companies both local and foreign which in the opinion of the Company may deem it to be profitable.

(3) To act as services contractors and / or subcontractors in all the fields of economic sectors, to foreign companies engaged in business activities either independently or in conjunction with State owned enterprises.

(4) To carry on the business of establishing factories, mills and workshops,

ship and boat-building, salvage-work, renovate and repair-work and run vessels.

(5) To carry on the business of importers, exporters, industrialists, shippers, transport by sea or road, printers and publishers, storekeepers, stockists, engineers, contractors, dealers, wholesale or retail vendors and or purchasers of goods of any description.

(6) To render consultancy services and services of advisory in respect of those fields of technology which the Company is capable to do so.

(7) To carry on the business of road transportation and vehicle repairing services, inland water transportation service and dockyard services.

(8) To carry on the business of carriers, warehousemen, brokers, contractors of any company or person carrying on legal business.

(9) To carry on the business of importing movie films and video tapes and to show and or sell them with permission from the authorities concerned.

(10) To enter into any business arrangement with any government enterprise or joint-venture organization or co-operative society or quasigovernment organization or private enterprise inside and outside of the Union of Myanmar.

(11) To construct, renovate, repair, maintain, replace, on contract basis all kinds of buildings of any government department, enterprise, municipal, local authority, private, partnership or Company.

(12) To borrow money from government recognized banks and any financial institution on reasonable rate of interest as and when required.

(13) To draw, accept, endorse, discount, issue, buy, sell, and deal in bills of exchange, promissory notes, drafts, bill of lading, coupons, warrants, debentures and other negotiable instruments.

(14) To advance money, or give credit to such persons, firms or companies, as the Company may think fit.

(15) To invest and deal with the money of the Company not immediately required in such manner as may from time to time be determined by the board of Directors.

(16) To carry on any economic activity approved by the Board of Directors and permissible under the laws of the Union of Myanmar for the time being in force.

(17) To carry on the business of forwarding and shipping services.

(18) To set up new factories for producing industrial, consumer and personal goods and to sell in local and abroad.

(19) To carry on joint-venture trade activities with any business organization or individuals inside or outside the Union of Myanmar.

(20) To carry on the business of border-trade.

(21) To do all such other things as are incidental or conducive to the attainment of the above objects and to carry on any other business which may seem to the Company capable of being conveniently carried on in connection with the above objects or which may benefit or enhance the value of the property of the Company .

(22) To carry on the business with any person, firm, company, joint-venture firm or Government of the Union of Myanmar collectively or in conjunction separately with each of them or by holding shares in them, and similarly with those of foreign countries.

(23) To carry on the business of hotel, motel, rest-house and restaurant.

PROVISO:- Provided that the Company shall not exercise any of the above objects whether in the Union of Myanmar or elsewhere, save in so far as it may be entitled so to do in accordance with the laws in force from time to time and then only subject to such permission and approval as may be prescribed by the laws of the Union of Myanmar for the time being in force.

IV. The liability of the members is limited.

V. The Authorized Capital of the Company is K. 50,000,000/-(Kyats fifty million only) divided into (5,000)- share of K. 10,000/-(Kyats ten thousand only) each with power to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

We, the several persons, whose names, addresses, and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Memorandum of Association, and we respectively agree to take the number of shares in the Capital of the Company set opposite to our respective names.

Sr. No.	Name, Address and Occupation of Subscribers	Nationality & N.R.C. No.	No. of shares taken	Signature
1.	U MYINT THEIN No, 53 ALEI YAI Qr. MONYWA T/S	[illegible]	10	
2.	U THAUNG HAN No, 6, 2nd Flr, 13th street Lemmadaw T/S Yangon.	MWA-000434	10	
3.	U OHN San Dan lan, Pagoda Qr. Monywa T/S	CB 021739	10	
4.	U TIN HLA Pa Yaw Gyi lan, Pa Yaw Gyi Qr, Monywa T/S.	BZ-007125	10	
5.	U MYINT THAN Set Hmu Qr. Pa Pa-3, Set Hmu Myothit T/S Mandalay	MWA. 009000	10	

Yangon, Dated, the .... day of 19

It is hereby certified that the persons mentioned above put their signatures in my presence.

U THAN AUNG B.A., R.L.
SUPREME COURT ADVOCATE
LEGAL AND BUSINESS CONSULTANT

Office:
No; 8; 34th Street
Kyauktada T/S
Tel; 01-276984

Residence:
No; 35, Eingyi St.
Pazundaung T/S.
Tel; 01-290915

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

ARTICLES OF ASSOCIATION

OF

BAW GA GYI COMPANY LIMITED

++++++++++++++++++++++++

1. The regulations contained in Table A of the First Schedule to the Myanmar Companies Act shall apply to the Company save as such Regulations which are excluded or varied hereby, or inconsistent with the following Articles of with the fact that the Company is a Private Company.

   Provided that compulsory regulations, stipulated in Section 17 (2) of the Myanmar Companies Act, shall always be deemed to apply to the Company.

Private Company

2. The Company is a Private Company and accordingly:-
   (1) restricts the right to transfer its shares .
   (2) limits the number of its members to fifty (50) not inclusive of persons who are in the employment of the Company.
   (3) prohibits any invitation to the Public to subscribe for shares or debentures if any, of the Company.
   (4) where two or more persons hold one or more shares in the Company jointly, they shall, for the purposes of this definition be treated as a single number.

Capital and Shares

3. The Authorized Capital of the Company is K. 50,000,000/- (Kyats fifty million only) divided into (5,000) ordinary shares of K. 10,000/ (Kyats ten thousand only) each with power to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

4. Articles 31 to 40, 68, 73 and 88 of Table A in the First Schedule to the Myanmar Companies Act shall not apply to the Company.

5. The Directors may refuse to register any transfer of a share where they are of the opinion that it is undesirable to admit the proposed transferee to membership.

Directors

6. The number of Directors of the Company shall not be less than (3) nor more than (15).

7. The qualification of a Director shall be the holding of at least (ten) shares in the Company, and it shall be his duty to comply with the provisions of Section 85 of the Myanmar Companies Act.

8. The First Directors shall be-

(1) U MYINT THEIN
(2) U THAUNG HAN
(3) U OHN
(4) U TIN HLA and
(5) U MYINT THAN.

9. Unless the quorum necessary for the transaction of the business of the Company is fixed by the Directors, it shall not be less than (2).

10. The elected member by the Directors shall be the Chairman of the meeting of the Company or of the Directors.

Powers and Duties of Directors

11. The Directors may delegate all of any of their powers to the Managing Director, General Manager, Managing Agents or to a committee consisting of such member or members of their body as they think fit. The Managing Director, General Manager, Managing Agent or any committee so formed shall in the exercise of the powers as delegated conform to the regulations that may from time to time be imposed upon him or them or it by the Board of Directors.

12. The Remuneration of the Directors shall from time to time be determined at their own discretion.

Rotation of Directors

13. The Board of Directors may hold office from year to year until they are disqualified by Section 86 (1) of the Myanmar Companies Act or by the resolution of the Board of Directors.

14. Any casual vacancy occurring in the Board of Directors may not be filled up until the next ordinary general meeting when a new Director will be appointed by ordinary resolution.

Proceedings of Directors

15. The Directors may meet together for the despatch of business, adjourn and otherwise regulate their meetings, as they think fit. Questions arising at any meeting shall be decided by a majority of votes. In case of an equality of votes, the Chairman shall have a second or casting vote.

16. The quorum necessary for the transaction of the business of the Directors may be fixed by the Directors.

17. The Directors may elect a chairman of the meeting and determine the period for which he is to hold office. If at any meeting the chairman is not present within fifteen minutes after the time appointed for holding the same, the Directors present may choose one of their members to be Chairman of the meeting.

Dividends

18. The Company in general meeting may declare dividends , but no dividend shall exceed the amount recommended by the Directors.

19. No dividend shall be paid otherwise than out of profits of the year or any other undistributed profits.

Accounts

20. The Directors shall in all respects comply with the provisions of Section 130 to 135 of the Myanmar Companies Act or any statutory modification there of for the time being in force.

Audit

21. Auditors shall be appointed and their duties regulated in accordance with Sections 144 and 145 of the Myanmar Companies Act or any statutory modification thereof for the time being in force.

Winding Up

22. If the Company be wound up voluntarily or otherwise, the liquidator may with the sanction of an extraordinary resolution, divide all or any part of the assets of the Company in specie among the contributories in accordance with their rights and may with like sanction , vest any part of the assets of the Company in trustees, upon such trusts for the benefit of the contributories as the liquidator, with the like sanction, may think fit but no member shall be compelled to accept any share whereon there is any liability.

Indemnity

23. Every Director, Managing Director, Manager, Secretary, Treasurer, Managing Agent and other officers of the Company shall be indemnified by the Company for any acts or contracts executed on behalf of the Company and the Company shall pay out of the funds of the Company all costs, and or losses which any such officer may incur or become liable to by reason of any contract entered into or any act or deed lawfully done by him as such officer or servant or in any way in the discharge of his duties and the amount for which such indemnity is provided shall immediately attach as a lien on the property of the Company and have priority as between the members over all other claims.

We, the several persons, whose names, addresses, and descriptions are subscribed below, are desirous of being formed into a Company in pursuance of these Articles of Association, and we respectively agree to take the number of shares in the Capital of the Company set opposite to our respective names.

Sr. No.	Name, Address and Occupation of Subscribers	Nationality & N.R.C. No.	No. of shares taken	Signature
1.	U MYINT THEIN. No, 5?, ALEI Yat Qr. ~~Mongywa~~ Mongywa T/S	[illegible]	10	
2.	U [illegible] HAN No. 6, [illegible] Fl, [illegible] Street Lammadaw T/S Yangon	[illegible]	10	
3.	U CHN. San Dun lan, Paguda Qr. Mongywa T/S	CB. 021789	10	
4.	U TIN HLA Pa Yar Gyi lan, Pa Yar Gyi Qr, Mongywa T/S	BZ - 007125	10	
5.	U MYINT THAN Set Hmu Qr, Pa Pa. S. Set Hmu Myothit T/S Mandalay.	MICA. 009100	10	

Yangon, Dated, the .... day of ....19 .

It is hereby certified that the persons mentioned above put their segnatures in my presence.

U THAN AUNG B.A., R.L
SUPREME COURT ADVOCATE
LEGAL AND BUSINESS CONSULTANT

Office:
No; 8; 34th Street
Kyauktada T/S
Tel: 01-276984

Residence:
No: 35, Eingyi St.
Pazundaung T/S.
Tel: 01-290815